မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၇ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် ( ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၇ ရက် )

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့**

**သူရဘွဲ့**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၃၂၃၄၀ | ဒုတိယဗိုလ်မှူးကြီး | ဇော်လွင်စိုး | အမှတ် (၃၈၆) ခြေမြန်တပ်ရင်း |
| ၂။ | လေ ၁၀၉၃ | ဗိုလ်မှူး | ဇေယျာထွန်း | အမှတ် (၉၈) ဗုံးကြဲလေယာဉ်အုပ် |
| ၃။ | အမှတ် တ-၄၃၂၀၅၈ | ဒုတိယတပ်ကြပ် | ရဲနွမ် | အမှတ် (၃၈၆) ခြေမြန်တပ်ရင်း |
| ၄။ | အမှတ် တ-၄၅၁၁၀၉ | တပ်သား | မျိုးချစ် | အမှတ် (၃၈၆) ခြေမြန်တပ်ရင်း |
| ၅။ | အမှတ် တ-၄၅၁၁၁၇ | တပ်သား | ထွန်းထွန်း | အမှတ် (၃၈၆) ခြေမြန်တပ်ရင်း |

## စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်

### သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

| | | | | | |
|---|---|---|---|---|---|
| ၁။ | ကြည်း | ၂၃၉၉၀ | ဗိုလ်မှူးကြီး | ဇော်မိုးလွင် | အမှတ် (၇၂) သံချပ်ကာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် |
| ၂။ | ကြည်း | ၃၀၂၂၉ | ဒုတိယဗိုလ်မှူးကြီး | ရဲသွေးအောင် | အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် |
| ၃။ | ကြည်း | ၃၄၁၅၀ | ဒုတိယဗိုလ်မှူးကြီး | ဇော်လင်းအောင် | အမှတ် (၂၁၉) ခြေမြန်တပ်ရင်း |
| ၄။ | လေ | ၂၄၆၁ | ဒုတိယဗိုလ်မှူးကြီး | ထိန်လင်းအောင် | အမှတ် (၂၁) ကြားဖြတ် တိုက်ခိုက်ရေးအုပ် |
| ၅။ | ကြည်း | ၃၅၃၃၇ | ဗိုလ်မှူး | ကျော်မျိုးမင်းလတ် | အမှတ် (၁၄) ခြေမြန်တပ်ရင်း |
| ၆။ | ကြည်း | ၄၁၄၂၇ | ဗိုလ်မှူး | မင်းမင်းထက် | အမှတ် (၃၈၂) ခြေမြန်တပ်ရင်း |
| ၇။ | လေ | ၂၃၈၇ | ဗိုလ်မှူး | ကျော်ဝဏ္ဏဦး | အမှတ် (၃၄) ဗုံးကြဲလေယာဉ်အုပ် |
| ၈။ | လေ | ၂၄၂၇ | ဗိုလ်မှူး | မျိုးအောင်နိုင် | အမှတ် (၂၇) ရဟတ်ယာဉ်အုပ် |
| ၉။ | လေ | ၂၆၀၁ | ဗိုလ်မှူး | ဇော်ဇော်လင်း | အမှတ် (၄၂) တိုက်ခိုက်ရေးအုပ် |
| ၁၀။ | ကြည်း | ၅၂၂၀၅ | ဗိုလ်ကြီး | အောင်ရဲထွန်း | အမှတ် (၃၈၃) ခြေမြန်တပ်ရင်း |
| ၁၁။ | ကြည်း | ၅၂၆၆၃ | ဗိုလ်ကြီး | မင်းကျော်သူ | အမှတ် (၃၈၃) ခြေမြန်တပ်ရင်း |
| ၁၂။ | ကြည်း | ၆၃၆၃၀ | ဗိုလ်ကြီး | လွင်ကျော် | အမှတ် (၃၈၆) ခြေမြန်တပ်ရင်း |
| ၁၃။ | ကြည်း | ၆၆၂၀၀ | ဗိုလ်ကြီး | ဖြိုးစည်သူ | အမှတ် (၉၀၁) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း |
| ၁၄။ | ကြည်း | ၆၆၂၀၂ | ဗိုလ်ကြီး | ကျော်ဇော်ထက် | အမှတ် (၉၀၅) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း |
| ၁၅။ | အမှတ် | ၉၁၀၅၃၃ | တပ်ကြပ် | ဟူးချယ်တီ | အမှတ် (၃၈၃) ခြေမြန်တပ်ရင်း |
| ၁၆။ | အမှတ် | တ-၂၂၄၅၆၆ | ဒုတိယတပ်ကြပ် | အောင်မျိုးလွင် | အမှတ် (၉၀၁) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း |
| ၁၇။ | အမှတ် | တ-၂၅၅၅၄၆ | ဒုတိယတပ်ကြပ် | မောင်ဇော် | အမှတ် (၃၈၂) ခြေမြန်တပ်ရင်း |
| ၁၈။ | အမှတ် | တ-၄၅၃၈၉၈ | ဒုတိယတပ်ကြပ် | တင်ထွန်းဦး | အမှတ် (၃၈၃) ခြေမြန်တပ်ရင်း |
| ၁၉။ | အမှတ် | တ-၄၈၃၅၀၅ | ဒုတိယတပ်ကြပ် | သက်နိုင်ဦး | အမှတ် (၂၅၆) ခြေလျင်တပ်ရင်း |
| ၂၀။ | အမှတ် | တ-၅၀၅၆၄၁ | ဒုတိယတပ်ကြပ် | ဝင်းဇော် | အမှတ် (၂၅၂) ခြေလျင်တပ်ရင်း |
| ၂၁။ | အမှတ် | တ-၄၅၀၆၂၃ | တပ်သား | ကျော်ဖြိုး | အမှတ် (၃၈၃) ခြေမြန်တပ်ရင်း |
| ၂၂။ | အမှတ် | တ-၄၅၅၈၀၆ | တပ်သား | မောင်မောင် | အမှတ် (၃၈၂) ခြေမြန်တပ်ရင်း |
| ၂၃။ | အမှတ် | တ-၄၆၄၃၈၉ | တပ်သား | ခင်မောင်ချင်း | အမှတ် (၃၈၆) ခြေမြန်တပ်ရင်း |
| ၂၄။ | အမှတ် | တ-၄၆၄၇၁၉ | တပ်သား | ကောင်းထက် | အမှတ် (၃၈၁) ခြေမြန်တပ်ရင်း |
| ၂၅။ | အမှတ် | တ-၄၆၇၁၃၉ | တပ်သား | သန်းထိုက်စိုး | အမှတ် (၃၈၂) ခြေမြန်တပ်ရင်း |

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်များ

### ရဲသူရတံဆိပ်

| | | | | |
|---|---|---|---|---|
| ၁။ | ရဲ ၅၇၂၇ | ဒုတိယရဲမှူး | ဂမ်ဆိုင်း | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂။ | ရဲ ၅၇၂၈ | ဒုတိယရဲမှူး | စစ်ကိုကိုအေး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၃။ | ရဲ ၅၇၂၉ | ဒုတိယရဲမှူး | သက်နိုင်ဦး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၄။ | လ ၂၀၀၃၆၉ | ရဲအုပ် | ဖြိုးဝေအောင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၅။ | လ ၁၃၆၂၅၇ | ရဲအရာခံ | ကျော်ကျော်မိုး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၆။ | လ ၂၄၅၂၇၉ | ရဲဒုတိယတပ်ကြပ် | မင်းမင်းထိုက် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |

### ရဲဗလတံဆိပ်

| | | | | |
|---|---|---|---|---|
| ၁။ | လ ၁၄၁၄၉၃ | ဒုတိယရဲအုပ် | စန်းတင့် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂။ | လ ၉၅၉၈၇ | ရဲအရာခံ | ငြိမ်းအောင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၃။ | လ ၁၀၈၇၄၉ | ရဲအရာခံ | ဖိုးလုံး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၄။ | လ ၁၀၉၂၂၀ | ရဲအရာခံ | သောင်းတင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |

### ရဲဗလတံဆိပ် (အဆုံး)

| | | | | |
|---|---|---|---|---|
| ၅။ | လ ၁၁၀၁၃၈ | ရဲအရာခံ | ကံဝင်း | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၆။ | လ ၁၃၉၆၈၆ | ရဲအရာခံ | ရဲမြင့်နောင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၇။ | လ ၁၄၉၀၅၁ | ရဲအရာခံ | ဇော်မိုးထွန်း | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၈။ | လ ၁၅၂၅၁၅ | ရဲအရာခံ | အောင်ဆင့် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၉။ | လ ၁၅၈၉၄၅ | ရဲအရာခံ | အောင်မြင့်ကျော် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၀။ | လ ၁၆၂၄၆၄ | ရဲအရာခံ | ခင်ဝင်း | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၁။ | လ ၁၆၆၂၆၀ | ရဲအရာခံ | သန်းလွင်ဌေး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၂။ | လ ၁၈၂၇၆၇ | ရဲအရာခံ | ခင်မောင်ဝင်း | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၃။ | လ ၁၉၁၀၆၆ | ရဲအရာခံ | ထွန်းထွန်းနိုင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၄။ | လ ၁၇၀၉၂၁ | ရဲတပ်ကြပ်ကြီး | အောင်ဇော်လတ် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၅။ | လ ၁၈၈၀၇၇ | ရဲတပ်ကြပ်ကြီး | ဆန်းကျိန်း(ခ)စန်းကြည် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၆။ | လ ၁၈၉၀၈၈ | ရဲတပ်ကြပ်ကြီး | စိုင်းစံအေး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၇။ | လ ၁၉၆၅၄၅ | ရဲတပ်ကြပ်ကြီး | အေးကို | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၈။ | လ ၁၉၆၆၂၀ | ရဲတပ်ကြပ်ကြီး | မင်းထိုက် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၉။ | လ ၂၀၂၃၃၈ | ရဲတပ်ကြပ်ကြီး | စိုးခိုင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၀။ | လ ၁၉၂၅၅၉ | ရဲတပ်ကြပ် | တိုးတိုးဦး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၁။ | လ ၂၀၁၉၇၅ | ရဲတပ်ကြပ် | ကျော်စိုးဦး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၂။ | လ ၂၀၂၂၂၇ | ရဲတပ်ကြပ် | အောင်အောင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၃။ | လ ၂၀၉၁၃၄ | ရဲတပ်ကြပ် | အောင်ခိုင်ဦး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၄။ | လ ၂၁၃၇၃၀ | ရဲတပ်ကြပ် | လှိုင်ဝေဦး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၅။ | လ ၂၂၁၉၂၀ | ရဲတပ်ကြပ် | နေဝင်းအောင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၆။ | လ ၂၂၉၀၂၈ | ရဲဒုတိယတပ်ကြပ် | မေရီဆိုင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၇။ | လ ၂၃၁၉၆၁ | ရဲဒုတိယတပ်ကြပ် | ကျော်ဆန်းဝင်း | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၈။ | လ ၂၃၇၈၆၂ | ရဲဒုတိယတပ်ကြပ် | စိုင်းသီဟအောင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၉။ | လ ၂၃၈၈၀၈ | ရဲဒုတိယတပ်ကြပ် | မိုးမင်းအောင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၃၀။ | လ ၂၄၆၈၀၉ | ရဲဒုတိယတပ်ကြပ် | သန်းလွင်ဦး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၃၁။ | လ ၂၅၂၅၁၈ | ရဲဒုတိယတပ်ကြပ် | ဇော်သန့်ပိုင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်းမှအဆက် ]**

## အပိုင်း (၅)

## ဖျက်သိမ်းခြင်း

### အခန်း (၂၆) ကုမ္ပဏီတစ်ခုအားဖျက်သိမ်းခြင်း

**နိဒါန်း**

၂၉၂။ **ကုမ္ပဏီဖျက်သိမ်းခြင်းဆိုင်ရာ နည်းလမ်းများ**

(က) ကုမ္ပဏီတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည် -

(၁) တရားရုံးကဖြစ်စေ၊

(၂) ဆန္ဒအလျောက်ဖြစ်စေ၊

(၃) တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ။

( ခ ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဖော်ပြပါနည်းလမ်းတစ်ရပ်ရပ်အရ ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

**ကြွေးမြီပေးဆပ်ရသူများ (Contributories)**

**၂၉၃။ လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများ၏ ကြွေးမြီပေးဆပ်ရသူများအဖြစ် တာဝန်ရှိမှု**

(က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများအားလုံးသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အောက်ပါသတ်မှတ်ချက်များကို လိုက်နာစေလျက် ကျသင့်သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအားပေးချေရာတွင် ငွေကြေးလုံလောက်မှုရှိစေရေးအတွက် ကုမ္ပဏီ၏အခြေပစ္စည်းစာရင်းသို့ ထည့်ဝင်ပေးဆပ်ရန်တာဝန်ရှိစေရမည်-

(၁) ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ လွန်ခဲ့သော တစ်နှစ် သို့မဟုတ် ထိုထက်ပိုသော ကာလကတည်းကပင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ခြင်းဖြစ်လျှင် ကြွေးမြီပေးဆပ်ရေးအတွက် တာဝန်မရှိစေရ။

(၂) ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီကချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်အရ ဖြစ်ပေါ်လာသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ။

(၃) ဤဥပဒေအရ ကုမ္ပဏီတွင် လက်ရှိပါဝင်သူများက ၎င်းတို့ပေးဆပ်ရန်ဖြစ်သော ကြွေးမြီတာဝန်ကို ပေးဆပ်နိုင်ဖွယ်မရှိကြောင်း တရားရုံးကတွေ့ရှိခဲ့လျှင်မှအပ ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ။

(၄) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူ သို့မဟုတ် ယခင်ကပါဝင်ခဲ့သူတစ်ဦးအဖြစ် တာဝန်ရှိသည့်အစုရှယ်ယာများအတွက် ပေးချေရခြင်းမရှိသေးသော ငွေပမာဏ (ရှိခဲ့လျှင်) ထက် ပိုမိုသောငွေပမာဏကို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ။

(၅) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ယင်းကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီ၏ အခြေပစ္စည်းများသို့ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက ထည့်ဝင်ရန် တာဝန်ယူထားသည့် ပမာဏထက်ပိုမို၍ ၎င်းထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ။

(၆) ဤဥပဒေတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အာမခံပေါ်လစီ (policy of insurance) သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးချင်းစီ၏ တာဝန်ရှိမှုကို ကန့်သတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကုမ္ပဏီ၏ဘဏ္ဍာငွေများဖြင့်သာလျှင် အဆိုပါ ပေါ်လစီ သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရ တာဝန်ရှိမှုများကိုဖြစ်စေ တရားမဝင်ခြင်းမဖြစ်စေရ။

(၇) အမြတ်ဝေစုများ၊ အကျိုးအမြတ်များ သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးကို ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ပေးရန်ရှိသည့်ငွေပမာဏတစ်ရပ်ကို ၎င်းနှင့် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးမဟုတ်သော မြီရှင်တို့အကြား မည်သူ့ထံသို့ပေးချေရမည်ဟု ဖြစ်ပေါ်လာသည့် ကိစ္စရပ်၌ အဆိုပါ ကုမ္ပဏီတွင်ပါဝင်သူထံသို့ ကုမ္ပဏီကပေးချေရမည့် ကြွေးမြီတစ်ရပ်အဖြစ် မှတ်ယူခြင်းမရှိစေရ။ သို့သော်အဆိုပါ ငွေပမာဏကို ယင်းတို့အကြား ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးအား အပြီးသတ်ညှိနှိုင်းသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) အစုရှယ်ယာမတည်ငွေရင်းပါရှိသော ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ထိုကုမ္ပဏီတွင်ပါဝင်သူအားလုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသဖြင့် ကုမ္ပဏီ၏အခြေပစ္စည်းစာရင်းသို့ ၎င်းကထည့်ဝင်ရန်တာဝန်ယူထားသော ပမာဏအတွက် တာဝန်ရှိသည့်အပြင် ၎င်းပိုင်ဆိုင်ထားသော အစုရှယ်ယာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပေးချေရခြင်းမရှိသေးသော ငွေပမာဏတစ်ရပ်ရပ်အတွက်လည်း ထည့်ဝင်ရန်တာဝန်ရှိသည်။

၂၉၄။ **တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာများ၏ တာဝန်**

တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဤဥပဒေအရ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ တာဝန်ကန့်သတ်ထားခြင်းမရှိသော ယခင်ကသော်လည်းကောင်း၊ ယခုသော်လည်းကောင်း ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်ကြသည့် ဒါရိုက်တာတစ်ဦးဦးသည် ကုမ္ပဏီ၏သာမန်ပါဝင်သူတစ်ဦးအဖြစ် ငွေကြေးထည့်ဝင်ရန်တာဝန်ရှိခဲ့လျှင် ၎င်းတာဝန်အပြင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်အချိန်တွင် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတစ်ခုတွင်ပါဝင်သူတစ်ဦးဖြစ်သကဲ့သို့ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်ရှိသည်။

သို့ရာတွင် -

(က) ဒါရိုက်တာအဖြစ် ယခင်ကဆောင်ရွက်ခဲ့သူတစ်ဦးသည် ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်နေ့မတိုင်မီ တစ်နှစ် သို့မဟုတ် ထိုထက်ပိုသောကာလကပင် တာဝန်မှရပ်စဲခဲ့ပြီးဖြစ်လျှင် ၎င်းအနေဖြင့် ဖော်ပြပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

(ခ) ဒါရိုက်တာအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် အဆိုပါ တာဝန်မှရပ်စဲခဲ့ပြီး နောက်ပိုင်း၌ ကုမ္ပဏီက ပဋိညာဉ်ပြုလုပ်ထားသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်အတွက် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအတွက် ကျခံနိုင်ရန်အလို့ငှာ အဆိုပါ ငွေကြေးထည့်ဝင်မှုပြုလုပ်ရန်လိုအပ်ကြောင်း တရားရုံးက ယူဆခြင်းမရှိလျှင် ဒါရိုက်တာတစ်ဦးသည် အဆိုပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

၂၉၅။ **ကြွေးမြီပေးဆပ်ရသူ၏ တာဝန်များ**

ကြွေးမြီပေးဆပ်ရသူတစ်ဦး၏ တာဝန်ရှိမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်းအပေါ် သတ်မှတ်သည့် ငွေကြေးထည့်ဝင်ရန် တောင်းခံမှုများတွင် သတ်မှတ်ပါရှိသောအချိန်ကာလ၌ ပေးချေရမည့်ကြွေးမြီတစ်ရပ်ကို အကြွေးအဖြစ်သတ်မှတ်ရမည်။

၂၉၆။ **ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သေဆုံးသည့်ကိစ္စရပ်**

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်းဖော်ပြခြင်း မပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ သေဆုံးသွားခဲ့လျှင် ၎င်း၏တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်း၏တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ နည်းလမ်းတကျ ထည့်ဝင်ရန်တာဝန်ရှိပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများ ဖြစ်လာစေရမည်။

(ခ) တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်းတို့က ပေးသွင်းရမည့် ငွေကြေးတစ်ရပ်ရပ်ကိုပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် ပေးချေရန်တာဝန်ရှိသည့် ငွေကြေးများကို အတင်းအကျပ်ပြု ပေးချေစေရန်အလို့ငှာ သေဆုံးသွားသော ကြွေးမြီပေးဆပ်ရသူ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ စီမံခန့်ခွဲမှုပြုနိုင်ရန်အတွက် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

၂၉၇။ **ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး လူမွဲဖြစ်သည့်ကိစ္စရပ်**
ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်းဖော်ပြခြင်း မပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ လူမွဲဖြစ်ကြောင်းသတ်မှတ်ခံရလျှင် -

(က) ၎င်း၏ လွှဲအပ်ခြင်းခံရသူများသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များအားလုံးတွင် ၎င်း၏ ကိုယ်စားဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများဖြစ်လာစေရမည်။ ၎င်းတို့အား လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် အထောက်အထားများတင်ပြစေနိုင်သည် သို့မဟုတ် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ ထည့်ဝင်ရမည့် ၎င်း၏တာဝန်နှင့်စပ်လျဉ်း၍ လူမွဲအဖြစ်ခံယူသူက ပေးချေရန်တာဝန်ရှိသည့် ငွေကြေးတစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ ၎င်း၏ပိုင်ဆိုင်ပစ္စည်းများမှ ပေးချေစေရန် ခွင့်ပြုနိုင်သည်၊ ၎င်းအပြင်

(ခ) လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် နောင်တွင်တောင်းဆိုမည့် သို့မဟုတ် တောင်းဆိုပြီး ဖြစ်သည့် ၎င်းအနေဖြင့် တာဝန်ရှိမည့် ခန့်မှန်းချေငွေပမာဏအား သတ်မှတ်နိုင်သည်။

**တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းခြင်း**

၂၉၈။ **တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည့် အခြေအနေများ**
တရားရုံးသည် အောက်ပါအခြေအနေတစ်ခုခုဖြစ်ပေါ်လာလျှင် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းနိုင်သည်-

(က) ကုမ္ပဏီကို တရားရုံး၏ ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းနိုင်သည်ဟု ကုမ္ပဏီက အထူးဆုံးဖြတ်ချက် ချမှတ်၍ ဆောင်ရွက်လျှင်၊

(ခ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသောအစီရင်ခံစာများ တင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရ လိုက်နာ ဆောင်ရွက်ရသော အစည်းအဝေးများကိုကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့လျှင်၊

(ဂ) ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်သည့်အချိန်မှစ၍ တစ်နှစ်အတွင်း ယင်း၏စီးပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မှုမရှိလျှင် သို့မဟုတ် ထိုကာလတစ်နှစ်လုံးအတွက် ယင်း၏စီးပွားရေးလုပ်ငန်း များကို ဆိုင်းငံ့ထားလျှင်၊

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများ၏ အရေအတွက်ကို တစ်ဦးအောက်အထိ လျှော့ချခဲ့လျှင်၊

(င) ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ခဲ့လျှင်၊

(စ) ကုမ္ပဏီကိုဖျက်သိမ်းခြင်းမှာသင့်လျော်မှန်ကန်၍ တရားမျှတသည်ဟုတရားရုံးမှထင်မြင်လျှင်။

၂၉၉။ **ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ဟု ယူဆရန်အကြောင်းများ**

(က) ဤအခန်းပါကိစ္စရပ်များအတွက် အောက်ပါကိစ္စရပ်တစ်ခုခုပေါ်ပေါက်ခဲ့လျှင် ကုမ္ပဏီတစ်ခုသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ဟု မှတ်ယူရမည် -

(၁) လွှဲအပ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်သော်လည်းကောင်း ကုမ္ပဏီက ပြစ်ဒဏ်ပမာဏ (၅) ခုထက်ပိုမိုသော ငွေပမာဏအား ကြွေးမြီပေးချေရန်တင်ရှိနေသော မြီရှင်တစ်ဦးဦးသည် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းသို့ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အကြောင်းကြားစာပေးပို့၍ ကုမ္ပဏီက ပေးရန်ရှိသည့်ငွေပမာဏကို ၎င်းထံပေးချေစေရန် တောင်းဆိုခဲ့ပြီး၊ ကုမ္ပဏီသည် ထိုသို့တောင်းဆိုငွေကို ပေးချေရန် သို့မဟုတ် ကြွေးမြီအတွက် မြီရှင်က ကျေနပ်လက်ခံနိုင်လောက်သော အာမခံမှုတစ်ရပ်ရပ် ပြုလုပ်ရန် ထိုသို့ အကြောင်းကြားသည့်နေ့မှ (၃) ပတ်အထိ ပျက်ကွက်နေခဲ့လျှင် သို့မဟုတ်

(၂) ကုမ္ပဏီ၏ မြီရှင်ကို အနိုင်ပေးသည့် တရားရုံးတစ်ရုံးရုံး၏ ဒီကရီ သို့မဟုတ် အမိန့်တစ်ရပ်အား အတည်ပြုခြင်း သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်မှုအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆောင်ရွက်နိုင်မှုမရှိခဲ့လျှင် သို့မဟုတ်

(၃) ကုမ္ပဏီသည် ယင်း၏ကြွေးမြီများအား ပေးဆပ်နိုင်ခြင်းမရှိကြောင်း တရားရုံးမှ ကျေနပ် လက်ခံနိုင်လျှင် ကုမ္ပဏီမှာ ယင်း၏ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း ရှိ မရှိဟူသည့်ကိစ္စရပ်ကို ဆုံးဖြတ်သည့်အခါတွင် တရားရုံးသည် ကုမ္ပဏီ၏ ဖြစ်ပေါ်လာဖွယ်ရှိသည့် တာဝန်ရှိမှုများကို ထည့်သွင်းသုံးသပ်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က)၊ အပိုဒ် (၁) တွင် ဖော်ပြပါရှိသည့် တောင်းဆိုချက်ကို မြီရှင်၏ကိုယ်စား တရားဝင်အခွင့်အာဏာအပ်နှင်းခြင်းခံရသော ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေးတစ်ဦးက လက်မှတ်ရေးထိုးခဲ့လျှင် သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ဖြစ်သည့်အခါတွင် ထိုလုပ်ငန်းစု၏ကိုယ်စား အဖြစ် ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေး သို့မဟုတ် လုပ်ငန်းစု၏အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးခဲ့လျှင် မြီရှင်ကိုယ်တိုင် တရားဝင်ပေးအပ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၀၀။ **လက်အောက်ခံတရားရုံးသို့ လွှဲအပ်ဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖျက်သိမ်းခြင်းများအကြောင်း**

တရားရုံးသည် ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းရန်အတွက် ဤဥပဒေအရ အမိန့်တစ်ရပ်ချမှတ်သည့် အခါ ယင်းက သင့်သည်ထင်မြင်သည့်အတိုင်း လက်အောက်ခံတရားရုံးတစ်ခုခုတွင် ဆက်လက် စစ်ဆေးကြားနာစေရန် ညွှန်ကြားနိုင်သည်။ ထိုသို့လက်ခံဆောင်ရွက်ရသည့် လက်အောက်ခံ တရားရုံးကို ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်အတွက် ဤဥပဒေတွင်ဖော်ပြထားသော "တရားရုံး" ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်အတွက် တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် အခွင့်အာဏာများ ရရှိစေရမည်။

၂၀၁။ **ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို တရားရုံးတစ်ခုမှ အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းခြင်း**

တရားရုံးတစ်ခုခုတွင် ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်တစ်ခုကို ဆောင်ရွက်နေသည့်ကာလအတွင်း ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို စစ်ဆေးစီရင်ခွင့်ရှိသော အခြားတရားရုံးတစ်ခုခုတွင် တရားစွဲဆို စစ်ဆေးခြင်းသည် ပိုမို၍ အဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်း တရားရုံးကတွေ့ရှိလျှင် ယင်းသည် အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းပေးနိုင်ပြီး ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို အဆိုပါ လွှဲပြောင်း လက်ခံရရှိသည့် တရားရုံး၌ ဆက်လက်ဆောင်ရွက်ရမည်။

၂၀၂။ **ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်ကို ဤပုဒ်မပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကုမ္ပဏီကဖြစ်စေ၊ ဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့် မြီရှင် သို့မဟုတ် မြီရှင်များအပါအဝင် မြီရှင်တစ်ဦး သို့မဟုတ် မြီရှင်များကဖြစ်စေ၊ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများကဖြစ်စေ၊ ယင်းတို့အားလုံး သို့မဟုတ် တစ်ဦးဦးကဖြစ်စေ စုပေါင်း၍ သော်လည်းကောင်း၊ သီးခြားစီဖြင့်သော်လည်းကောင်း သို့မဟုတ် မှတ်ပုံတင်အရာရှိကဖြစ်စေ လျှောက်လွှာဖြင့် တင်ပြဆောင်ရွက်ရမည်။

သို့ရာတွင် -

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းနှင့် သက်ဆိုင်သည့် အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာ အချို့ကို ကုမ္ပဏီအားဖျက်သိမ်းမှု စတင်ခြင်းမပြုမီ (၁၈) လအတွင်း အနည်းဆုံး (၆) လအထိ ၎င်းထံသို့ မူလကပင် ထုတ်ဝေထားပြီးဖြစ်ခြင်း သို့မဟုတ် ၎င်းက ပိုင်ဆိုင်ထားပြီးဖြစ်ခြင်း၊ ၎င်းအမည်ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ခြင်း သို့မဟုတ် ယခင်ပိုင်ရှင်သေဆုံးခဲ့သဖြင့် ၎င်းထံသို့ လွှဲပြောင်းပေးခြင်းမရှိခဲ့လျှင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခွင့်မရှိစေရ၊

(ခ) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခွင့်မရှိစေရ -

(၁) ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) တွင် သို့မဟုတ် ပုဒ်မ ၂၇၁ အရ ခန့်အပ် ထားသည့် စစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြထားသည့် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေအရ ၎င်း၏ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်းမရှိဟု ပေါ်ပေါက်လျှင်၊ ၎င်းပြင်

(၂) လျှောက်လွှာတင်ပြရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်ကိုရယူထားလျှင်၊ သို့ရာတွင် ကုမ္ပဏီသည် ကြားနာသည့်အခွင့်အရေးကို ဦးစွာမရရှိခဲ့လျှင် အဆိုပါခွင့်ပြုချက်ကို ပေးအပ်ခြင်းမပြုရ။

(ဂ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများတင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကိုကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့သည့်အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခြင်းကို အစည်းအဝေးကျင်းပရမည့် နောက်ဆုံးနေ့ရက်မှ (၁၄) ရက်ထက်ကျော်လွန်ပြီး အစုရှယ်ယာရှင်က တင်ပြခြင်းမှတစ်ပါး အခြားသူတစ်ဦးဦးက တင်ပြခြင်းမပြုရ။

(ဃ) တရားရုံးသည် ယင်းက သင့်သည်ထင်မြင်သည့်အတိုင်း အမှုအတွက် ကုန်ကျစရိတ်အပေါ် အာမခံတင်သွင်းသည့်ကာလအထိ သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းရန်အတွက် စွဲချက်တင်နိုင်လောက်အောင် မြင်သာသော အထောက်အထားရှိသည့်အမှုဖြစ်ကြောင်း တရားရုံးအနေဖြင့် လက်ခံနိုင်သည့်ကာလအထိ ဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့် မြီရှင်ကတင်ပြသော ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားမှုကို ကြားနာခြင်းမပြုရ။

၃၀၃။ **ကုမ္ပဏီဖျက်သိမ်းရန်အမိန့်၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်သည် မြီရှင်တစ်ဦးဦးနှင့် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးတို့က ပူးတွဲတင်ပြသည့် လျှောက်လွှာအပေါ်တွင် ချမှတ်သည့်အမိန့်တစ်ရပ်အဖြစ် မြီရှင်များအားလုံးနှင့် ကြွေးမြီပေးဆပ်ရသူများအားလုံးတို့အတွက် အကျိုးသက်ရောက်စေရမည်။

၃၀၄။ **တရားရုံးက ကုမ္ပဏီဖျက်သိမ်းခြင်း စတင်သည့်အချိန်**

တရားရုံးက ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းခြင်းသည် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြသည့်အချိန်မှ စတင်သည်ဟုမှတ်ယူရမည်။

၃၀၅။ **တရားရုံးက တားမြစ်သည့်အမိန့်များ ထုတ်ဆင့်နိုင်ခြင်း**

ဤဥပဒေအရ ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ကို ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ကုမ္ပဏီအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ထပ်မံစစ်ဆေးဆောင်ရွက်မှုများကို ရပ်ဆိုင်းထားနိုင်သည်။

၃၀၆။ **လျှောက်ထားမှုကို ကြားနာခြင်းနှင့် စပ်လျဉ်းသည့် တရားရုံး၏ အခွင့်အာဏာ**

(က) လျှောက်ထားမှုကို ကြားနာသည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်လျှင် စရိတ်နှင့်ဖြစ်စေ၊ စရိတ်မပါဘဲဖြစ်စေ အဆိုပါ လျှောက်လွှာအား ပလပ်နိုင်သည် သို့မဟုတ် ခြွင်းချက်ဖြင့်ဖြစ်စေ၊ ခြွင်းချက်မပါရှိဘဲလျက်ဖြင့်ဖြစ်စေ ကြားနာခြင်းကို ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် ကြားဖြတ်အမိန့်တစ်ရပ်ရပ် သို့မဟုတ် အခြားအမိန့်တစ်ရပ်ရပ်ကို တရားရုံးက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ချမှတ်နိုင်သည်။ သို့သော် ကုမ္ပဏီ၏ အခြေပစ္စည်းများနှင့် ညီမျှသော သို့မဟုတ် ပိုမိုသောပမာဏအထိ ထိုအခြေပစ္စည်းများကို ပေါင်နှံထားသည် သို့မဟုတ် ကုမ္ပဏီတွင် အခြေပစ္စည်းများမရှိဟူသော အကြောင်းမျှဖြင့် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ရန်အတွက် ငြင်းပယ်ခြင်းမပြုရ။

(ခ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများတင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရလိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကိုကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့သည့်အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြလာခြင်းဖြစ်လျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း ပျက်ကွက်မှုနှင့်သက်ဆိုင်သော တာဝန်ရှိသူများကပေးချေရမည့် ကုန်ကျစရိတ်များအတွက် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား တစ်ပြိုင်တည်းခန့်အပ်ခြင်းမှအပ အဆိုပါ အမိန့်ကို တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူထံသို့ပေးပို့ရမည်။

၁၀၇။ **ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်နှင့်စပ်လျဉ်း၍ ဆိုင်းငံ့ထားသည့်အမှုများ**

ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါတွင် သို့မဟုတ် ယာယီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်ပြီးသည့်အခါတွင် တရားရုံးကသတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး ကုမ္ပဏီအပေါ် တရားစွဲဆိုမှု သို့မဟုတ် တရားစွဲဆိုဆောင်ရွက်မှုတို့ကို ဆက်လက်ဆောင်ရွက်ခြင်း သို့မဟုတ် စတင်စွဲဆိုခြင်းမပြုလုပ်ရ။

၁၀၈။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လစ်လပ်ခြင်း**

(က) ဤဥပဒေတွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များအတွက် တရားရုံးက ကုမ္ပဏီများကိုဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်အခါ "တရားဝင်ခန့်အပ်ထားသည့်ပစ္စည်းလက်ခံထိန်းသိမ်းသူ" ဆိုသည်မှာ တရားရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသည့် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူကို ဆိုလိုသည် သို့မဟုတ် အဆိုပါ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူမရှိခဲ့လျှင် ပြည်ထောင်စုဝန်ကြီးက ဤကိစ္စရပ်အတွက် နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထည့်သွင်းဖော်ပြ၍ ခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုလိုသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်သည့်အခါတွင် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် ကုမ္ပဏီ၏တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဖြစ်စေရမည့်အပြင် တရားရုံး၏ အမိန့်တစ်ရပ်ရပ်ဖြင့် ရပ်စဲခြင်းမပြုသည်အထိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအဖြစ် ကုမ္ပဏီ၏ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် အခြေပစ္စည်းများအားလုံးကို ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အဆိုပါ ထိန်းသိမ်းထားရှိသည့် ပစ္စည်းများအားလုံးကို ကြီးကြပ်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားရုံးက သတ်မှတ်ပေးသည့် အခကြေးငွေကို ခံစားခွင့်ရှိသည်။

၁၀၉။ **ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်၏ မိတ္တူကို မှတ်ပုံတင်အရာရှိထံသို့တင်ပြရခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကိုချမှတ်သည့်အခါတွင် ကုမ္ပဏီဖျက်သိမ်းပေးရန် တရားစွဲဆိုသည့်အမှုမှ လျှောက်ထားသူနှင့်ကုမ္ပဏီတို့သည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့ရက်မှ (၁) လအတွင်း ထိုအမိန့်၏မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန်တာဝန်ရှိသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်၏မိတ္တူတစ်စောင်ကို တင်ပြသည့်အခါတွင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီနှင့်သက်ဆိုင်သည့် စာရင်းစာအုပ်တွင် အဆိုပါအချက်အလက်အား မှတ်တမ်းတင်ထားရှိရမည့်အပြင် အဆိုပါအမိန့်အား ချမှတ်ခဲ့ပြီးဖြစ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်အခါမှတစ်ပါး အဆိုပါအမိန့်သည် ကုမ္ပဏီ၏ဝန်ထမ်းများသို့ ပေးပို့သည့်အကြောင်းကြားစာအဖြစ် မှတ်ယူရမည်။

၁၁၀။ **ကုမ္ပဏီဖျက်သိမ်းခြင်းကို ဆိုင်းငံ့ထားနိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် စစ်ဆေးဆောင်ရွက်မှုများအားလုံးကို ဆိုင်းငံ့ထားသင့်ကြောင်း မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် သို့မဟုတ် ထိုသို့ဆိုင်းငံ့ထားသင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံနိုင်သည့် အထောက်အထားများရှိလျှင် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့်အားလုံးကိုဖြစ်စေ သို့မဟုတ် သတ်မှတ်ကာလတစ်ရပ်ရပ်အတွက်ဖြစ်စေ တရားစွဲဆိုဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၁၁။ **မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို တရားရုံးက လက်ခံပေးနိုင်ခြင်း**

တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်အားလုံးတွင် လုံလောက်သည့် အထောက်အထားတစ်ရပ်ရပ်ဖြင့် ၎င်းထံတင်ပြစေနိုင်သကဲ့သို့ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒများကို ထည့်သွင်းစဉ်းစားနိုင်သည်။

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

၃၁၂။ **တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်ရန်အတွက် လည်းကောင်း၊ တရားရုံးကချမှတ်မည့်တာဝန်များကို ထမ်းဆောင်ရန်အတွက်လည်းကောင်း တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူမှအပ အခြားသူတစ်ဦးဦး သို့မဟုတ် အခြားသူများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦး သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် တင်ပြလျှောက်ထားမှုတစ်ရပ်ရပ်ကို လက်ခံရရှိပြီးနောက် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ခြင်းမပြုရသေးမီ မည်သည့်အချိန်တွင်မဆို အဆိုပါ ခန့်အပ်မှုကို ယာယီအားဖြင့်သတ်မှတ်နိုင်သည်။ သို့သော် တရားရုံးသည် အကြောင်းကြားစာမပေးပို့သင့်ကြောင်း မှတ်တမ်းတင်ထားနိုင်သည့် အကြောင်းအချက်များမရှိမှသာ အဆိုပါခန့်အပ်မှုအားမပြုလုပ်မီ ကုမ္ပဏီသို့ အကြောင်းကြားစာပေးပို့ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား တစ်ဦးထက်ပိုမို၍ ခန့်ထားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဤဥပဒေအရ ဆောင်ရွက်မှုတစ်စုံတစ်ရာကိုပြုလုပ်ရန် လိုအပ်ခြင်း သို့မဟုတ် ပြုလုပ်ရန် အခွင့်အာဏာအပ်နှင်းထားခြင်းတို့ကို အဆိုပါ ပုဂ္ဂိုလ်အားလုံးကဖြစ်စေ၊ တစ်ဦးဦးကဖြစ်စေ၊ အချို့ကဖြစ်စေ မည်သူက ပြုလုပ်ရမည်ဖြစ်ကြောင်း တရားရုံးကကြေညာရမည်။

(ဃ) တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးက ၎င်းအား ခန့်အပ်မှုနှင့်စပ်လျဉ်း၍ အာမခံချက်တစ်ရပ်ရပ်ထားရှိရန် လို မလိုနှင့် မည်သည့် အာမခံချက်ကို ထားရှိရမည်တို့ကို ဆုံးဖြတ်နိုင်သည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ပြီးနောက်ပိုင်းတွင် ထိုသို့ခန့်အပ်မှုနှင့် စပ်လျဉ်းသည့် ချို့ယွင်းချက်တစ်ရပ်ရပ်အား တွေ့ရှိစေကာမူ ၎င်း၏ပြုလုပ်ဆောင်ရွက်ချက်များသည် တရားဝင်စေရမည်။ သို့ရာတွင် ဤပုဒ်မခွဲတွင် ဖော်ပြပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ၎င်းအားခန့်အပ်မှုသည် တရားဝင်ခြင်းမရှိကြောင်းဖော်ပြပြီးနောက်ပိုင်း၌ အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ပြုလုပ်ဆောင်ရွက်ချက်များသည် တရားဝင်သည်ဟု မှတ်ယူခြင်းမရှိစေရ။

(စ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက်ဝယ်ရှိ အခြေပစ္စည်းများနှင့် စပ်လျဉ်း၍ ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးကို ခန့်အပ်ခြင်းမပြုရ။

၃၁၃။ **နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ လစ်လပ်နေရာများအား ဖြည့်စွက်ခန့်ထားခြင်းနှင့်လျော်ကြေးပေးခြင်း**

(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးသည် နုတ်ထွက်ခွင့်ရှိသည် သို့မဟုတ် ခိုင်လုံသည့် အကြောင်းအချက်များတင်ပြနိုင်လျှင် တရားရုံးက ၎င်းကို ထုတ်ပယ်နိုင်သည်။

(ခ) တရားရုံးက တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦး လစ်လပ်သွားသည့်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ လစ်လပ်သည့်နေရာတွင် ထိုသို့ ဖြည့်စွက်ခန့်ထားသည့်ကာလအထိ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်လည်းကောင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ လစာ သို့မဟုတ် အခကြေးငွေပေးရန် ညွှန်ကြားရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးထက် ပိုမိုခန့်ထားခဲ့လျှင် တရားရုံးက ညွှန်ကြားသည့် အချိုးအစားပမာဏအတိုင်း အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံသို့ အခကြေးငွေကို ခွဲဝေပေးရမည်။

၃၁၄။ **တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ၎င်းအား ခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်သာ ဖော်ပြရမည်ဖြစ်ပြီး ၎င်း၏ ကိုယ်ပိုင်အမည်ဖြင့် ဖော်ပြခြင်းမပြုရ။

၃၁၅။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို တင်ပြရခြင်း**

(က) တရားရုံးက ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ သို့မဟုတ် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီအားဖြင့် ခန့်အပ်ပြီးသည့်အခါ တရားရုံးက အခြားအမိန့်တစ်စုံတစ်ရာကို ချမှတ်ရန်လိုအပ်သည်ဟုမယူဆလျှင် အောက်ပါအချက်အလက်များပါဝင်ပြီး ကျမ်းကျိန်ချက်ဖြင့် အတည်ပြုထားသော ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ရေးသားဖော်ပြချက်တစ်စောင်ကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပြုစုတင်ပြရမည် -

(၁) လက်ဝယ်ရှိ ငွေသားလက်ကျန်ရှင်းတမ်းနှင့် ဘဏ်ရှိငွေသားစာရင်းများရှိခဲ့လျှင် ၎င်းငွေသားစာရင်းများကို သီးခြားစီဖော်ပြလျက် ကုမ္ပဏီ၏ အခြေပစ္စည်းများ၊

(၂) ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊

(၃) အာမခံထားရှိသော ကြွေးမြီများနှင့် အာမခံထားရှိခြင်းမရှိသော ကြွေးမြီများ၏ပမာဏကို သီးခြားစီဖော်ပြလျက် မြီရှင်များ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် အလုပ်အကိုင်များ၊ အာမခံထားရှိသော ကြွေးမြီများဖြစ်လျှင် ငွေချေးသက်သေခံလက်မှတ်များ၏ အချက်အလက်များ ယင်းတို့၏တန်ဖိုးနှင့် ယင်းတို့အား ထုတ်ဝေခဲ့သည့်နေ့စွဲများနှင့်

(၄) ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် အလုပ်အကိုင်များ၊ ထိုသို့ ပေးဆပ်နိုင်မည့်ပမာဏ။

(ခ) ထိုရေးသားဖော်ပြချက်အား သက်ဆိုင်သည့်နေ့ရက်၌ တာဝန်ထမ်းဆောင်လျက်ရှိသူ ဒါရိုက်တာတစ်ဦး သို့မဟုတ် ဒါရိုက်တာများကသော်လည်းကောင်း၊ ကုမ္ပဏီ၏ အတွင်းရေးမှူးကသော်လည်းကောင်း၊ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အောက်ပါပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသူများကသော်လည်းကောင်း တရားရုံး၏ ညွှန်ကြားချက်နှင့်အညီ မှန်ကန်ကြောင်း အတည်ပြု၍ တင်ပြရမည့်အပြင် အောက်ပါပုဂ္ဂိုလ်များကိုလည်း ရေးသားဖော်ပြချက်အား မှန်ကန်ကြောင်းအတည်ပြု၍ တင်ပြစေနိုင်သည် -

(၁) ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများအဖြစ် ဆောင်ရွက်သူများ သို့မဟုတ် ဆောင်ရွက်ခဲ့သူများ သို့မဟုတ်

(၂) သက်ဆိုင်သည့်နေ့ရက်မှ (၁) နှစ်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှုတွင် ပါဝင်ခဲ့သူများ သို့မဟုတ်

(၃) အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ သို့မဟုတ် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လိုအပ်သည့် သတင်းအချက်အလက်များကိုပေးနိုင်သူဟု ယူဆသည့် ပုဂ္ဂိုလ်များ။

(ဂ) ထိုရေးသားဖော်ပြချက်ကို သက်ဆိုင်သည့်နေ့ရက်မှ (၂၁) ရက်အတွင်း သို့မဟုတ် အထူးအကြောင်းရှိခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားရုံးကဖြစ်စေ တိုးမြှင့်သတ်မှတ်ပေးသည့်ကာလအတွင်း တင်ပြရမည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သောရေးသားဖော်ပြချက်နှင့်ကျမ်းကျိန်လွှာတို့ကိုပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် သဘောတူညီသည့်ပုဂ္ဂိုလ်တစ်ဦးဦးကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကုမ္ပဏီ၏အခြေပစ္စည်းများမှ ပြင်ဆင်ပြုလုပ်ဆောင်ရွက်ရာတွင် ကုန်ကျသည့်စရိတ်များကို သင့်လျော်သည့် ကုန်ကျစရိတ်များဖြစ်သည်ဟု သတ်မှတ်ခွင့်ပြု၍ ပေးချေနိုင်သည်။ ထိုကိစ္စရပ်တွင် တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

(င) ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း ကိုယ်တိုင်စာဖြင့်ရေးသားဖော်ပြသူတစ်ဦးဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သင့်လျော်သည့်အချိန်တိုင်းတွင် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကိုပေးသွင်းလျက် ဤပုဒ်မအရတင်ပြသည့် ရေးသားဖော်ပြချက်ကို စစ်ဆေးကြည့်ရှုခြင်းနှင့် အဆိုပါ ရေးသားဖော်ပြချက်၏ မိတ္တူကိုဖြစ်စေ၊ ကောက်နုတ်ချက်ကိုဖြစ်စေ ရယူခွင့်ရှိသည်။

(စ) ဤပုဒ်မပါ "သက်ဆိုင်သည့်နေ့ရက်" ဆိုသည်မှာ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီခန့်အပ်ထားသည့်ကိစ္စရပ်တွင် ထိုသို့ခန့်အပ်သည့်နေ့ရက်နှင့် ထိုသို့ခန့်အပ်ခြင်းမပြုသည့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့် နေ့ရက်တို့ကိုဆိုသည်။

၃၁၆။ မည်သူမဆို သင့်လျော်သည့်အကြောင်းအချက်မရှိဘဲ ပုဒ်မ ၃၁၅ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် သိလျက်ဖြင့် တမင်ပျက်ကွက်လျှင် ပြစ်ဒဏ်ငွေကျပ် (၂၀) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၃၁၇။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း မမှန်မကန်ကိုယ်တိုင်စာဖြင့်ရေးသားဖော်ပြသူတစ်ဦးဦးသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၂ အရ ပြစ်မှုမြောက်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် အဆိုပါပြစ်မှုဖြင့် ပြစ်ဒဏ်ထိုက်သင့်စေရမည်။

၃၁၈။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရေးသားဖော်ပြချက်**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့်အခါ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၁၅ အရ တင်ပြသည့်ရေးသားဖော်ပြချက်အား လက်ခံရရှိပြီးနောက် အဆိုပါအမိန့်ကို ချမှတ်သည့်နေ့မှ (၄) လထက် နောက်မကျစေဘဲ သို့မဟုတ် တရားရုံးကခွင့်ပြုလျှင် (၆) လထက်နောက်မကျစေဘဲ သို့မဟုတ် ရေးသားဖော်ပြချက် တင်ပြရန်လိုအပ်ခြင်းမရှိကြောင်း တရားရုံးက အမိန့်ချမှတ်သည့်ကိစ္စရပ်တွင် အမိန့်ချမှတ်သည့်နေ့ရက်မှ အောက်ပါအချက်အလက်များ ပါဝင်သော ကနဦးအစီရင်ခံစာတစ်စောင်ကို တရားရုံးသို့ ဆောလျင်စွာတင်ပြရမည် -

(၁) အောက်ပါခေါင်းစဉ်များအလိုက် သီးခြားစီဖော်ပြပါရှိသော ထုတ်ဝေထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ပြီး မတည်ငွေရင်းပမာဏ၊ အခြေပစ္စည်းများနှင့် တာဝန်ရှိမှုများအတွက် ခန့်မှန်းတွက်ချက်မှုပမာဏ၊

(ကက) ငွေသားနှင့်လွှဲပြောင်းနိုင်သောငွေချေးသက်သေခံလက်မှတ်များ၊

(ခခ) ကြွေးမြီပေးဆပ်ရသူများထံမှရရှိမည့် ကြွေးမြီများ၊

(ဂဂ) ကုမ္ပဏီကရရှိမည့် ကြွေးမြီများနှင့် ကြွေးမြီပေးချေရန်အာမခံချက်များရှိခဲ့လျှင်၊

(ဃဃ) ကုမ္ပဏီပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်

(ငင) ငွေပေးချေခြင်းမပြုရသေးသော ထည့်ဝင်ရမည့်မတည်ငွေရင်း၊

(၂) ကုမ္ပဏီက လုပ်ငန်းအောင်မြင်မှုမရှိခဲ့လျှင် ထိုသို့ ဖြစ်ရသည့်အကြောင်းများနှင့်

(၃) ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်း ပြုလုပ်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် ကုမ္ပဏီ၏ လုပ်ငန်းအောင်မြင်မှုမရှိခြင်း၊ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ထင်မြင်ချက်အရ ထပ်မံစိစစ်ရန် လိုအပ်ခြင်း ရှိ မရှိ။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်လျှင် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့သည့်အခြေအနေ၊ ကုမ္ပဏီကို တည်ထောင်ခြင်းလုပ်ငန်းပြုလုပ်ခြင်း သို့မဟုတ် ဖွဲ့စည်းခြင်းတွင်ပါဝင်သူတစ်ဦးဦး၊ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အရာရှိတစ်ဦးဦးက လိမ်လည်မှုတစ်ရပ်ရပ်ကို ကျူးလွန်ထားသည်ဟု ထင်မြင်ချက်နှင့်တရားရုံးကသိရှိရန်လိုအပ်သည်ဟု ထင်မြင်သော အခြားအကြောင်းအရာများကို ဖော်ပြထားသည့် အခြားအစီရင်ခံစာတစ်စောင် သို့မဟုတ် အစီရင်ခံစာများကိုလည်း တင်ပြနိုင်သည်။

၃၁၉။ **ကုမ္ပဏီ၏ပစ္စည်းများကို ထိန်းသိမ်းထားရှိခြင်း**

(က) ယာယီအားဖြင့် ခန့်အပ်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသည့် ပစ္စည်းများ၊ ပိုင်ဆိုင်မှုများနှင့် တောင်းခံခွင့်ရှိသည်များအားလုံးကို ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်တွင်ထားရှိရမည်။

(ခ) ကုမ္ပဏီ၏ ပစ္စည်းများနှင့်ပိုင်ဆိုင်မှုများအားလုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်အား ချမှတ်သည့်နေ့ရက်မှစတင်၍ တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိသည်ဟုမှတ်ယူရမည်။

၃၂၀။ **စည်းမျဉ်းအရ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သော စစ်ဆေးရေးကော်မတီ**

(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့်အတူ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးကော်မတီတစ်ရပ်ကို ခန့်အပ်မည်၊ မခန့်အပ်မည်ကိုလည်းကောင်း၊ ခန့်အပ်ခဲ့ပါက မည်သူများကို ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ခန့်အပ်မည်ကိုသော်လည်းကောင်း ဆုံးဖြတ်နိုင်ရန်အလို့ငှာ ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ကုမ္ပဏီ၏ မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်အား ချမှတ်သည့်နေ့ရက်မှ (၁) လ အတွင်း ခေါ်ယူကျင်းပရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ၏ ဆုံးဖြတ်ချက်များကို စဉ်းစားသုံးသပ်ရန်နှင့် အဆိုပါဆုံးဖြတ်ချက်များကို ပြင်ဆင်ချက်ဖြင့် လက်ခံရန် သို့မဟုတ် ပြင်ဆင်ချက်မပြုလုပ်ဘဲ လက်ခံရန်တို့အတွက် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို မြီရှင်များ၏အစည်းအဝေးအား ကျင်းပသည့်နေ့ရက်မှ (၇) ရက်အတွင်း ခေါ်ယူကျင်းပရမည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများသည် မြီရှင်များ၏ဆုံးဖြတ်ချက်ကို အပြည့်အဝလက်ခံနိုင်ခြင်းမရှိပါက တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စစ်ဆေးရေးကော်မတီတစ်ရပ်ကို ခန့်အပ်ရန်လိုအပ်ခြင်း ရှိ မရှိ၊ လိုအပ်ခြင်းရှိပါက ထိုကော်မတီကို မည်သို့ဖွဲ့စည်းမည်နှင့် ထိုကော်မတီတွင် မည်သူများက အဖွဲ့ဝင်များအဖြစ် ပါဝင်ကြမည်တို့အပေါ် လမ်းညွှန်မှုပြုနိုင်ရန်အတွက် တရားရုံးသို့ လျှောက်ထားရန်တာဝန်ရှိသည်။

(ဃ) ဤပုဒ်မအရ ခန့်အပ်သည့် စစ်ဆေးရေးကော်မတီတွင် ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများထံမှ အထွေထွေ သို့မဟုတ် အထူးကိုယ်စားလှယ်လွှဲစာများ ကိုင်ဆောင်ထားသည့်ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဝင် (၁၂) ဦးထက်မပိုသောသူများဖြင့် ပါဝင်ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်ဦးရေတွင် မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးများ၌ သဘောတူညီထားသော အချိုးအစားဖြင့် ပါဝင်ဖွဲ့စည်းနိုင်ပြီး ထိုသို့ သဘောတူညီထားခြင်းမရှိပါက တရားရုံးက ဆုံးဖြတ်နိုင်သည်။

( င ) စစ်ဆေးရေးကော်မတီသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းများကို သင့်လျော်သည့်အချိန်တိုင်းတွင် စစ်ဆေးခွင့်ရှိသည်။

( စ ) ကော်မတီသည် အခါအားလျော်စွာ သတ်မှတ်ထားသည့်အချိန်များတွင် တွေ့ဆုံကျင်းပရမည်ဖြစ်ပြီး ထိုသို့ သတ်မှတ်ထားသည့် အချိန်ကာလမရှိပါက တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့ဆုံကျင်းပရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဦးကလည်း လိုအပ်သည်ဟု ထင်မြင်သည့်အခါ ကော်မတီအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပပေးရန် တင်ပြတောင်းဆိုနိုင်သည်။

(ဆ) ကော်မတီသည် အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်အများစုဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ကော်မတီ၏ အဖွဲ့ဝင်အများစု မတက်ရောက်ခဲ့ပါက ထိုသို့ ဆုံးဖြတ်ဆောင်ရွက်ခြင်းမပြုရ။

( ဇ ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် ၎င်းကိုယ်တိုင် စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် အကြောင်းကြားစာကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးပို့၍ နုတ်ထွက်နိုင်သည်။

(ဈ) ကော်မတီအဖွဲ့ဝင်တစ်ဦးဦးသည် လူမွဲအဖြစ်ခံယူရခြင်း သို့မဟုတ် ၎င်း၏မြီရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ်ပြုလုပ်ရခြင်း သို့မဟုတ် ၎င်းနှင့်အတူ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုသည့် ကော်မတီအဖွဲ့ဝင်များ၏ ခွင့်ပြုချက်မရရှိဘဲ ကော်မတီအစည်းအဝေးများကို တက်ရောက်ရန် (၅) ကြိမ် ဆက်တိုက်ပျက်ကွက်ခြင်းတို့ရှိခဲ့လျှင် ထိုကော်မတီအဖွဲ့ဝင်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည်ဟု သတ်မှတ်ရမည်။

(ည) ကော်မတီအဖွဲ့ဝင်တစ်ဦးသည် မြီရှင်များအားကိုယ်စားပြုလျှင် မြီရှင်များ၏ အစည်းအဝေး၌လည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအား ကိုယ်စားပြုလျှင် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေး၌လည်းကောင်း သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ၎င်းကို ထုတ်ပယ်နိုင်သည်။ အဆိုပါ အစည်းအဝေးအတွက် ကျင်းပရသည့်ရည်ရွယ်ချက်အား ဖော်ပြပါရှိသည့် အကြောင်းကြားစာကို အနည်းဆုံး (၇) ရက်ကြိုတင်ပေးပို့၍ ဆောင်ရွက်ရမည်။

( ဋ ) ကော်မတီတွင် လစ်လပ်နေရာဖြစ်ပေါ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အဆိုပါ လစ်လပ်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် မြီရှင်များ၏ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချမှတ်၍ လစ်လပ်နေရာအား ဖြည့်စွက်ရန်အတွက် မူလကော်မတီအဖွဲ့ဝင်ကို ပြန်လည်ခန့်အပ်နိုင်သည် သို့မဟုတ် အခြားမြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးကို ခန့်အပ်နိုင်သည်။

( ဌ ) ကော်မတီတွင် လစ်လပ်နေရာတစ်ခုခုရှိနေစေကာမူ ကော်မတီ၏အဖွဲ့ဝင်များက နှစ်ဦးထက်မနည်းရှိပါက ဆက်လက်ဆောင်ရွက်နိုင်သည်။

၃၂၀။ **တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များ**

တရားရုံး၏ ခွင့်ပြုချက်ဖြင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် -

(က) ကုမ္ပဏီ၏အမည်ဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း တရားမမှု သို့မဟုတ် ပြစ်မှုဆိုင်ရာအမှုများနှင့် စပ်လျဉ်းသည့် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုများတွင် စွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ခုခံချေပခြင်း၊

( ခ ) ကုမ္ပဏီကို အကျိုးရှိသည့်နည်းလမ်းဖြင့် ဖျက်သိမ်းရန်လိုအပ်သည့်အတိုင်းအတာအထိ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

( ဂ ) လေလံဖြင့်ဖြစ်စေ၊ သီးခြားပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီ၏ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ ထိုပစ္စည်းများကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ထိုပစ္စည်းများကို ပိုင်းခြား၍ ရောင်းချခြင်း၊

(ဃ) စာချုပ်စာတမ်းများ၊ လက်ခံပြေစာများနှင့် အခြားစာရွက်စာတမ်းများတွင် ကုမ္ပဏီ၏ အမည်နှင့် ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ခြင်းနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခြင်း၊ ထိုကိစ္စရပ်များအတွက် လိုအပ်ပါက ကုမ္ပဏီ၏ရုံးတံဆိပ်ကို အသုံးပြုခြင်း၊

(င) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လူမွဲခံယူသည့်ကိစ္စရပ်တွင် ထိုသူ၏ပစ္စည်းများအပေါ် စာရင်းရှင်းလင်းဆောင်ရွက်ရန်အတွက် အတည်ပြုခြင်း၊ ရှင်းလင်းခြင်းနှင့် တောင်းဆိုခြင်း၊ အမြတ်ဝေစုများခွဲဝေခြင်းကိုလက်ခံခြင်း၊ အဆိုပါ စာရင်းရှင်းတမ်းနှင့် စပ်လျဉ်း၍ လူမွဲခံယူသူထံမှ ရရန်ရှိသည့် သီးခြားကြွေးမြီများအဖြစ် အခြားမြီရှင်များနှင့် အချိုးကျရယူဆောင်ရွက်ခြင်း၊

(စ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအနေဖြင့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ်ကို ကုမ္ပဏီအနေဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ ကိုယ်စားအနေဖြင့်ဖြစ်စေ ထုတ်ယူခြင်း၊ လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်းတို့ကို ကုမ္ပဏီ၏ တာဝန်ရှိမှုများနှင့် စပ်လျဉ်း၍ အလားတူအကျိုးသက်ရောက်မှုရှိ၍ ဆောင်ရွက်သကဲ့သို့ ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးချေရန် ကတိစာချုပ်တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စား ထုတ်ယူခြင်း၊ လက်ခံခြင်း၊ ပြုလုပ်ခြင်းနှင့် အတည်ပြုထောက်ခံခြင်း၊

(ဆ) ကုမ္ပဏီ၏ အခြေပစ္စည်းများအပေါ် အာမခံထားရှိ၍ ငွေကြေးလိုအပ်ချက်တစ်ရပ်ရပ်ကို မြှင့်တင်ခြင်း၊

(ဇ) ကွယ်လွန်သွားသော ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်း၏အမည်ဖြင့် စီမံခန့်ခွဲခြင်းဆိုင်ရာစာကို ထုတ်ယူခြင်း၊ ယင်း၏အမည်ဖြင့် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦး သို့မဟုတ် ၎င်း၏အမွေဆက်ခံသူထံမှ ရရန်ရှိသည့် ငွေကြေးများပေးချေမှုကိုရယူခြင်း သို့မဟုတ် ကုမ္ပဏီ၏အမည်ဖြင့် အဆင်ပြေစွာဆောင်ရွက်နိုင်ခြင်းမရှိသော ပစ္စည်းများကိုရယူခြင်းများအတွက် လိုအပ်သောဆောင်ရွက်မှုများကိုပြုလုပ်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စီမံခန့်ခွဲခြင်းဆိုင်ရာ စာကိုထုတ်ယူရာတွင်လည်းကောင်း၊ ဖယ်ရှားဆောင်ရွက်ရာတွင်လည်းကောင်း၊ ငွေကြေးများကို ပြန်လည်ရယူရာတွင်လည်းကောင်း အဆိုပါ ကိစ္စရပ်များတွင် ပေးချေရမည့် ငွေကြေးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးချေရမည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤပုဒ်မတွင်ပါရှိသည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များကို မထိခိုက်စေရ။

(ဈ) ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် လိုအပ်သော ကုမ္ပဏီ၏ကိစ္စရပ်များ၊ ယင်း၏ အခြေပစ္စည်းများကို ခွဲဝေပေးခြင်းများအတွက် အခြားလိုအပ်သည့်ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခြင်း။

၃၂၂။ **တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ချင့်ချိန်ဆောင်ရွက်နိုင်မှုနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ ဥပဒေဆိုင်ရာ အကူအညီများ ပေးရေးအတွက် ပြဋ္ဌာန်းချက် -**

(က) တရားရုံးသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် ကြားဝင်ဆောင်ရွက်မှုမပါရှိဘဲ အထက်ဖော်ပြပါ လုပ်ပိုင်ခွင့်များတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေနိုင်သည်။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီခန့်အပ်ထားသည့်ကိစ္စရပ်တွင် ၎င်းအား ခန့်အပ်သည့် အမိန့်ဖြင့် ၎င်း၏လုပ်ပိုင်ခွင့်များကို ကန့်သတ်တားမြစ်နိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏တာဝန်များကို ထမ်းဆောင်ရာတွင် အကူအညီရရှိရန်အတွက် တရားရုံးများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသော ရှေ့နေတစ်ဦးကို တရားရုံး၏ခွင့်ပြုချက်ဖြင့်ခန့်ထားနိုင်သည်။ သို့ရာတွင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ရှေ့နေတစ်ဦးဖြစ်ပါက ယင်း၏ တွဲဖက်လုပ်ကိုင်သူက အခကြေးငွေမယူဘဲ ဆောင်ရွက်ပေးရန် သဘောတူညီခြင်းမရှိလျှင် အဆိုပါတွဲဖက်လုပ်ကိုင်သူကို ခန့်အပ်ခြင်းမပြုရ။

**၃၂၃။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးဆောင်ရွက်မှုများပါရှိသော စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရခြင်းနှင့် ၎င်း၏ လက်ခံရရှိထားသောစာရင်းများကို တရားရုံးသို့တင်ပြရခြင်း**

(က) တရားရုံးကဖျက်သိမ်းမည့်ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သတ်မှတ်ဖော်ပြထားသည့်နည်းလမ်းများနှင့်အညီ အစည်းအဝေးဆောင်ရွက်မှုဆိုင်ရာ စာရင်းရေးသွင်းမှုများ သို့မဟုတ် အစည်းအဝေးမှတ်တမ်းများနှင့် အခြားသတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များကို ပြုစုထားရှိရန် သင့်လျော်သည့်စာရင်းစာအုပ်များကို ထိန်းသိမ်းထားရှိရမည် ဖြစ်သည်။ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် တရားရုံး၏ ကြီးကြပ်မှုဖြင့်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း အဆိုပါ စာရင်းစာအုပ်များကို စစ်ဆေးကြည့်ရှုနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအားလုံးသည် ၎င်းတို့၏ သက်တမ်းကာလအတွင်း နှစ်စဉ် နှစ်ကြိမ်ထက်မနည်းသော သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလများ၌ ၎င်းတို့အနေဖြင့် လက်ခံရရှိထားသော စာရင်းနှင့်ငွေပေးချေမှုများကို တရားရုံးသို့တင်ပြရမည်။

(ဂ) စာရင်းကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ပြုစု၍ မူရင်းကွဲများထားရှိရမည့်အပြင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ ကြေညာချက်တစ်စောင်ဖြင့် အတည်ပြုရမည်။

(ဃ) တရားရုံးသည် သင့်သည်ထင်မြင်သည့်နည်းလမ်းဖြင့် စာရင်းအား စစ်ဆေးပြုစုရမည်။ စာရင်းစစ်ဆေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံးက လိုအပ်မည်ဖြစ်သည့် ဘောက်ချာများ နှင့် သတင်းအချက်အလက်များကို တရားရုံးသို့တင်ပြရမည်ဖြစ်ပြီး တရားရုံးသည် မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းစာအုပ်များနှင့် စာရင်းများကို ပြုစုတင်ပြစေနိုင်သည့်အပြင် စစ်ဆေးကြည့်ရှုနိုင်သည်။

(င) စာရင်းအား စစ်ဆေးပြီးသည့်အခါ ယင်း၏မိတ္တူတစ်စောင်ကို တရားရုံးတွင် မှတ်တမ်းပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အခြားမိတ္တူတစ်စောင်ကို မှတ်တမ်းပြုစုထားရှိရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထိုမိတ္တူတစ်စောင်စီကို မြီရှင်များ သို့မဟုတ် သက်ဆိုင်သည့် ပုဂ္ဂိုလ်များက စစ်ဆေးကြည့်ရှုနိုင်စေရန် ထားရှိရမည်။

**၃၂၄။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် ကြီးကြပ်ခြင်း**

(က) ဤဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးက ဖျက်သိမ်းမည့်ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ အခြေပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် အထွေထွေအစည်းအဝေးတစ်ရပ်ရပ်၌ သို့မဟုတ် စစ်ဆေးရေးကော်မတီက မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆုံးဖြတ်ချက်ဖြင့် ချမှတ်ထားသည့် ညွှန်ကြားချက်များကို ထည့်သွင်းစဉ်းစားရမည်။ အထွေထွေအစည်းအဝေးတစ်ရပ်ရပ်၌ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ချမှတ်ထားသည့် ညွှန်ကြားချက်တစ်ရပ်ရပ်သည် စစ်ဆေးရေးကော်မတီက ချမှတ်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် စစ်ဆေးရေးကော်မတီ၏ ညွှန်ကြားချက်အပေါ် လွှမ်းမိုးသည်ဟု မှတ်ယူရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကိုရယူရန်အတွက် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အထွေထွေအစည်းအဝေးများကို ခေါ်ယူနိုင်သည်။ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ဆုံးဖြတ်ချက်ချမှတ်၍ ညွှန်ကြားလာလျှင်လည်းကောင်း၊ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆယ်ပုံတစ်ပုံရှိသူများက စာဖြင့်ရေးသား၍ တောင်းဆိုလာလျှင်လည်းကောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးများကို ခေါ်ယူပေးရန်တာဝန်ရှိသည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ပေါ်ပေါက်လာသည့် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှုများရယူနိုင်ရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများဖြင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဃ) ဤဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ အခြေပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ပေးအပ်ခြင်းတို့တွင် ၎င်းတို့၏ကိုယ်ပိုင်ချင့်ချိန် ဆောင်ရွက်နိုင်မှုတို့ကိုအသုံးပြုရမည်။

(င) တစ်ဦးတစ်ယောက်သည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်မှုကြောင့် ထိခိုက်နစ်နာခဲ့လျှင် ထိုသူသည် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပြီး တရားရုံးသည် တင်ပြတိုင်တန်းလာသည့် ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည့်အပြင် အဆိုပါအခြေအနေများနှင့် သင့်လျော်မည့်အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**တရားရုံး၏ သာမန် အခွင့်အာဏာများ**

၃၂၅။ **ကြွေးမြီပေးဆပ်ရသူများ၏စာရင်းနှင့် အခြေပစ္စည်းဆိုင်ရာ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ခြင်း**

(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ တရားရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှားယွင်းမှုများကို ပြင်ဆင်ရန် လိုအပ်သောကိစ္စရပ်များအားလုံးတွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်နိုင်သည့် အခွင့်အာဏာဖြင့် ကြွေးမြီပေးဆပ်ရသူများ၏စာရင်းကို ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရမည်။ ထို့အပြင် ကုမ္ပဏီ၏ အခြေပစ္စည်းများကို လက်ခံရယူခြင်းနှင့် ကုမ္ပဏီ၏ တာဝန်ရှိမှုများကို ရှင်းလင်းဆောင်ရွက်ခြင်းများကို ဆောလျင်စွာ ပြုလုပ်ရမည်။

(ခ) ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ဖြေရှင်းဆောင်ရွက်ရာတွင် တရားရုံးသည် ကိုယ်တိုင်အခွင့်အရေးရှိကြသည့် ကြွေးမြီပေးဆပ်ရသူများနှင့် အခြားသူများ၏ ကြွေးမြီအတွက် ကိုယ်စားလှယ်များအဖြစ်ဆောင်ရွက်သော သို့မဟုတ် တာဝန်ရှိသော ကြွေးမြီပေးဆပ်ရသူများ အကြား ခွဲခြားသတ်မှတ် ဆောင်ရွက်ရမည်။

၃၂၆။ **ပစ္စည်းများကို ပေးအပ်စေနိုင်သည့် အခွင့်အာဏာ**

တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို သို့မဟုတ် တရားရုံးက ညွှန်ကြားသည့်အချိန်ကာလအတွင်း ကြွေးမြီပေးဆပ်ရသူများစာရင်းရှိ ကြွေးမြီပေးဆပ်ရသူများ၊ ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယုံကြည်အပ်နှံခြင်းခံရသူများ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူများ၊ ကိုယ်စားလှယ်များ သို့မဟုတ် အရာရှိများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ကုမ္ပဏီကရရှိခွင့်ရှိကြောင်း သေချာပြီးဖြစ်သည့် ယင်းလက်ဝယ်ရှိ ငွေကြေးများ၊ ပစ္စည်းများ သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ချက်ချင်းပေးချေစေနိုင်သည်၊ ပေးအပ်စေနိုင်သည်၊ လက်လွှတ်စေနိုင်သည် သို့မဟုတ် လွှဲပြောင်းပေးစေနိုင်သည်။

၃၂၇။ **ကြွေးမြီပေးဆပ်ရသူများက ကြွေးမြီများပေးချေစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူများစာရင်းရှိ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအား အမိန့်တွင် သတ်မှတ်ပါရှိသည့် နည်းလမ်းနှင့်အညီ ကြွေးမြီပေးဆပ်ရသူထံမှဖြစ်စေ၊ ကြွေးမြီပေးဆပ်ရန် ကိုယ်စားလှယ်ကို ခန့်အပ်ထားသည့်သူ၏ ပိုင်ဆိုင်ပစ္စည်းများမှဖြစ်စေ၊ ကုမ္ပဏီသို့ပေးချေရမည့် ငွေကြေးများကို ပေးချေစေရန် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။ သို့ရာတွင် ဤဥပဒေနှင့်အညီ တောင်းခံထားသည့် ငွေကြေးထည့်ဝင်မှုများ မပါဝင်စေရ။

(ခ) တရားရုံးသည် အဆိုပါအမိန့်ကို ချမှတ်ရာတွင် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီဖြစ်ပါက ကြွေးမြီပေးဆပ်ရသူသို့ ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်ကို ခုနှိမ်ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီနှင့် သီးခြားဆောင်ရွက်ထားရှိမှု သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရသူက ကိုယ်စားပြုသည့် ကုမ္ပဏီမှ ပစ္စည်းများအတွက် ပေးချေရမည့် ငွေကြေးမှခုနှိမ်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုနိုင်သည်။ သို့သော် အမြတ်ဝေစု သို့မဟုတ် အကျိုးအမြတ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် ကြွေးမြီပေးဆပ်ရသူသို့ ပေးချေ

ရမည့် ငွေကြေးတစ်ရပ်ရပ် မဖြစ်စေရမည့်အပြင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်ပါက တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဒါရိုက်တာ၏ပစ္စည်းများအတွက် အလားတူ ဆောင်ရွက်နိုင်သည်။သို့ရာတွင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်စေ၊ တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီဖြစ်စေ မြီရှင်များအားလုံးထံသို့ ငွေအပြည့်အဝပေးချေပြီးဖြစ်လျှင် ကုမ္ပဏီမှ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးနှင့် သက်ဆိုင်သည့်စာရင်းအရ ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်ကို နောင်တွင် တောင်းခံမည့် ငွေကြေးထည့်ဝင်မှုတစ်ရပ်ရပ်ထံမှ ခုနှိမ်ခြင်းဖြင့် ကြွေးမြီပေးဆပ်ရသူထံ ပေးချေဆောင်ရွက်နိုင်သည်။

၃၂၈။ **ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အားချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏အခြေပစ္စည်းများ ပြည့်စုံလုံလောက်မှုကို သေချာစေရန်ဆောင်ရွက်ခြင်းမပြုမီဖြစ်စေ၊ ဆောင်ရွက်ပြီးနောက်တွင်ဖြစ်စေ ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိကြွေးမြီပေးဆပ်ရသူအားလုံး သို့မဟုတ် တစ်ဦးဦးက ၎င်းတို့တာဝန်ရှိကြသည်အထိ ကုမ္ပဏီ၏ကြွေးမြီများနှင့် တာဝန်ရှိမှုများအတွက် တရားရုံးကသတ်မှတ်သည့် ငွေပမာဏတစ်ရပ်ရပ်ကိုလည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းအတွက် ကျသင့်သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကိုလည်းကောင်း၊ ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို စာရင်းညှိနှိုင်း ဆောင်ရွက်ရန်အတွက် ကျသင့်သည့်ငွေကြေးများကိုလည်းကောင်း ပေးချေရန်အတွက် ငွေကြေးထည့်ဝင်စေနိုင်သည့်အပြင် ၎င်းတို့ကို ပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်ရာ၌ ကြွေးမြီပေးဆပ်ရသူအချို့မှာ ထိုသို့ငွေကြေးထည့်ဝင်စေရာတွင် တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးကိုဖြစ်စေ ထည့်ဝင်ပေးချေရန် ပျက်ကွက်နိုင်သည့် အခြေအနေရှိနိုင်သည်ကို တရားရုံးက ထည့်သွင်းသုံးသပ်နိုင်သည်။

၃၂၉။ **ဘဏ်သို့ ငွေများပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

တရားရုံးသည် ကြွေးမြီပေးဆပ်ရသူ၊ ကုမ္ပဏီသို့ ငွေပေးချေရမည့်သူ သို့မဟုတ် ငွေပေးချေရမည့် အခြားသူတစ်ဦးဦးကို ၎င်းတို့ ပေးချေရမည့်ငွေများအား တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပေးသွင်းရမည့်အစား သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုရှိ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ငွေစာရင်းသို့ ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ငွေပေးချေရန် ညွှန်ကြားသည့်နည်းလမ်းများအတိုင်း အဆိုပါအမိန့်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

၃၃၀။ **ငွေစာရင်းနှင့်စပ်လျဉ်း၍ တရားရုံးနှင့်သက်ဆိုင်သည့် စည်းကမ်းချက်**

ကုမ္ပဏီကို တရားရုံးဖြင့် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဖွင့်လှစ်ထားသော ငွေစာရင်းရှိသည့် ဘဏ်သို့ ပေးသွင်း၊ လွှဲပြောင်းသည့် ငွေကြေးများ၊ ကျသင့်ငွေများ၊ ငွေလွှဲမှုများ၊ ငွေပေးချေရန် ကတိများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များအားလုံးကို တရားရုံး၏အမိန့်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၃၁။ **ကြွေးမြီပေးဆပ်ရသူနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်သည် ပြည့်စုံခိုင်လုံသည့် သက်သေခံချက်ဖြစ်ခြင်း**

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားရုံးက ချမှတ်သည့်အမိန့်တစ်ရပ်သည် ငွေကြေးနှင့် သက်ဆိုင်ပါက ကြွေးမြီပေးဆပ်ရသူ၏အယူခံဝင်နိုင်သည့်အခွင့်အရေးကို မထိခိုက်စေဘဲ ငွေကြေးပေးချေရန် ပေါ်ပေါက်ကြောင်း သို့မဟုတ် အမိန့်ချမှတ်၍ ပေးချေရမည့်အကြောင်းနှင့်စပ်လျဉ်း၍ ပေးချေရမည်ဟု ယင်းအမိန့်ကပြည့်စုံခိုင်လုံသည့် သက်သေခံချက်ဖြစ်စေရမည်။

(ခ) တရားရုံးအမိန့်တွင် ဖော်ပြပါရှိသည့် အခြားသော သက်ဆိုင်ရာကိစ္စရပ်များအားလုံးသည် စစ်ဆေးဆောင်ရွက်နေသည့် မှုခင်းများနှင့် ပုဂ္ဂိုလ်များအားလုံးအပေါ်တွင် မှန်ကန်စွာ ရေးသားဖော်ပြထားသည်ဟု သတ်မှတ်ရမည်။

**၃၃၂။ အချိန်မီ သက်သေထင်ရှားမတင်ပြနိုင်သည့် မြီရှင်များကို နုတ်ပယ်နိုင်သည့် အခွင့်အာဏာ**

တရားရုံးသည် မြီရှင်များက ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများအတွက် သက်သေထင်ရှားတင်ပြစေရန် သို့မဟုတ် ထိုကြွေးမြီအတွက် သက်သေထင်ရှားတင်ပြခြင်းမပြုမီက ပြုလုပ်ခဲ့သော အကျိုးအမြတ်ခွဲဝေမှု တစ်စုံတစ်ရာကိုရယူခြင်းမှ နုတ်ပယ်ရန် အချိန်ကာလတစ်ရပ် သို့မဟုတ် အချိန်ကာလများ သတ်မှတ်ပေးနိုင်သည်။

**၃၃၃။ ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ခြင်း**

တရားရုံးသည် ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး အပိုအလျှံရှိပါက ထပ်မံအကျိုးခံစားခွင့်ရရှိသူများကို ခွဲဝေပေးရမည်။

**၃၃၄။ ကုန်ကျစရိတ်များအတွက် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

အခြေပစ္စည်းများသည် တာဝန်ရှိမှုများအတွက် ကျေနပ်နိုင်ဖွယ်ဖြစ်အောင် ပြည့်စုံလုံလောက်ခြင်း မရှိသည့်ကိစ္စရပ်တွင် တရားရုံးသည် သင့်သည်ထင်မြင်သည့် ဦးစားပေးအစီအစဉ်ဖြင့် ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကျသင့်ခဲ့သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကို အခြေပစ္စည်းများမှ ပေးချေစေရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

**၃၃၅။ ကုမ္ပဏီအား တရားဝင်ဖျက်သိမ်းခြင်း**

(က) ကုမ္ပဏီတစ်ခု၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည့်အခါ တရားရုံးသည် အမိန့်တစ်ရပ်ကိုချမှတ်၍ အဆိုပါအမိန့်အား ချမှတ်သည့်နေ့ရက်မှစ၍ ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ထိုကုမ္ပဏီကို အဆိုပါအမိန့်အရ တရားဝင်ဖျက်သိမ်းပြီးဖြစ်စေရမည်။

(ခ) အဆိုပါအမိန့်ကို ချမှတ်သည့်နေ့ရက်မှ (၁၅) ရက်အတွင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံသို့ အဆိုပါအမိန့်ကို ပေးပို့ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ၎င်း၏ စာရင်းစာအုပ်များတွင် ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်ကြောင်း မှတ်တမ်းပြုစုထားရှိရမည်။

၃၃၆။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၃၅ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၈) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**တရားရုံး၏ အထူးအာဏာများ**

**၃၃၇။ ကုမ္ပဏီ၏ပစ္စည်းများကို ရယူထားသည်ဟု ယူဆရသူများကို ဆင့်ခေါ်နိုင်သည့်အခွင့်အာဏာ**

(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် ကုမ္ပဏီက ရရန်ရှိသည်ဟု ယူဆရသည့်ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသည့် သို့မဟုတ် လက်ဝယ်ထားရှိသည်ဟုယူဆရသည့် ကုမ္ပဏီ၏အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ၊ ကုမ္ပဏီနှင့်ကုန်သွယ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ကိစ္စရပ်များ သို့မဟုတ် ပစ္စည်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို တင်ပြနိုင်သည်ဟု တရားရုံးက မှတ်ယူနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တရားရုံးသို့လာရောက်စေရန် ဆင့်ခေါ်နိုင်သည်။

(ခ) တရားရုံးသည် ၎င်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆိုပါပုဂ္ဂိုလ်များကို ကျမ်းကျိန်စေ၍ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ စစ်မေးနိုင်သည်။ အဆိုပါပုဂ္ဂိုလ်များ၏ ဖြေဆိုချက်များကို စာဖြင့်ရေးသား၍ ၎င်းတို့အား လက်မှတ်ရေးထိုးစေနိုင်သည်။

(ဂ) တရားရုံးသည် အဆိုပါပုဂ္ဂိုလ်များ၏ ထိန်းသိမ်းမှု သို့မဟုတ် လုပ်ပိုင်ခွင့်များအောက်တွင်ရှိသော ကုမ္ပဏီနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်စေရန် တောင်းဆိုနိုင်သည်။ သို့သော် ၎င်းတို့ပေးအပ်သည့် စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးက လက်ဝယ်ထားပိုင်ခွင့်

ရှိခဲ့လျှင် ထိုသို့ပေးအပ်ရခြင်းသည် အဆိုပါ လက်ဝယ်ထားပိုင်ခွင့်ကို ထိခိုက်စေခြင်းမရှိစေရ။ ထို့အပြင် တရားရုံးသည် ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် အဆိုပါလက်ဝယ်ထားပိုင်ခွင့်နှင့် စပ်လျဉ်းသော ကိစ္စရပ်များအားလုံးကို ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာရှိစေရမည်။

(ဃ) တရားရုံး၏ ဆင့်ခေါ်ခြင်းခံရသူတစ်ဦးဦးသည် ၎င်းတို့၏ ထိုက်သင့်သော ကုန်ကျစရိတ်များကိုပေးချေရန် အဆိုပြုပြီးနောက် ချိန်းဆိုထားသည့်အချိန်၌ ဥပဒေအရလက်ခံနိုင်သည့် အကြောင်းအချက်ကို ကြိုတင်အကြောင်းကြားထားသည်မှအပ တရားရုံးသို့လာရောက်ရန်ပျက်ကွက်လျှင် တရားရုံးသည် စစ်ဆေးဆောင်ရွက်မှုပြုရန်အတွက် ထိုသူကိုဖမ်းဆီး၍ တရားရုံးသို့ ခေါ်ဆောင်စေနိုင်သည်။

၃၃၈။ **ကမကထပြုသူများ၊ ဒါရိုက်တာများ စသည်တို့ကို အများပြည်သူရှေ့၌ စစ်ဆေးရန်အတွက် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

(က) တရားရုံးက ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးသည့်အခါ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီကို ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းတို့တွင် ပါဝင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ပြီးသည့်အချိန်မှစ၍ ကုမ္ပဏီနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များတွင် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦးကဖြစ်စေ၊ လိမ်လည်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟုယူဆ၍ တရားရုံးသို့ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် လျှောက်ထားမှုအား လက်ခံသုံးသပ်ပြီးနောက် ၎င်းတို့အား အဆိုပါကိစ္စရပ်အတွက် တရားရုံးကချိန်းဆိုထားသည့်နေ့ရက်၌ တရားရုံးသို့ လာရောက်စေရန် ညွှန်ကြားနိုင်သည်။ ထို့အပြင် ကုမ္ပဏီကိုကမကထပြုလုပ်ခြင်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ပုဂ္ဂိုလ်တစ်ဦးဦး၏ အပြုအမူ၊ ဆက်သွယ်ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ အများပြည်သူရှေ့၌ စစ်ဆေးရန် ညွှန်ကြားနိုင်သည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စစ်ဆေးမေးမြန်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး အဆိုပါကိစ္စရပ်အတွက် တရားရုံးကိုယ်စားဆောင်ရွက်ရန် တရားရုံးက အခွင့်အာဏာအပ်နှင်းထားလျှင် တရားရုံးကခွင့်ပြုနိုင်သည့် ဥပဒေဆိုင်ရာအကူအညီပေးသူများကို ခန့်ထားနိုင်သည်။

(ဂ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည်လည်း တရားရုံးတွင် စစ်ဆေးမေးမြန်းရာတွင် ကိုယ်တိုင်ဖြစ်စေ၊ တရားရုံးသို့ တက်ရောက်ခွင့်ရှိသူဖြင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်သည်။

(ဃ) တရားရုံးသည် ၎င်းအနေဖြင့် သင့်သည်ထင်မြင်သည့်မေးခွန်းများကို စစ်ဆေးမေးမြန်းခံရသူအပေါ် မေးမြန်းနိုင်သည်။

(င) စစ်ဆေးမေးမြန်းခံရသူသည် ကျမ်းကျိန်၍ စစ်ဆေးခံရမည်ဖြစ်ပြီး တရားရုံးက မေးမြန်းသည့် သို့မဟုတ် မေးမြန်းရန်ခွင့်ပြုသည့် မေးခွန်းများအားလုံးကို ဖြေဆိုရမည်။

(စ) ဤပုဒ်မအရ စစ်ဆေးမေးမြန်းမှုခံယူရန် အမိန့်ချမှတ်ခြင်းခံရသူတစ်ဦးသည် တရားရုံးသို့ တက်ရောက်ခွင့်ရှိသူတစ်ဦးဦးကို မိမိ၏စရိတ်ဖြင့် ခန့်အပ်နိုင်သည်။ တရားရုံးသို့ တက်ရောက်ခွင့်ရှိသူသည် စစ်ဆေးမေးမြန်းခံရသူ၏ ဖြေကြားမှုများအား ရှင်းလင်းရန် သို့မဟုတ် ထင်ရှားစေရန်အတွက် တရားရုံးက လျော်ကန်သည်ဟုထင်မြင်သည့်မေးခွန်းများကို လွတ်လပ်စွာမေးမြန်းခွင့်ရှိသည်။ သို့ရာတွင် ထိုသို့စစ်ဆေးမေးမြန်းခံရသူသည် ၎င်းအပေါ် စွဲဆိုသည့်ပြစ်မှုများအတွက် အပြစ်မရှိကြောင်း ထင်ရှားပေါ်ပေါက်သည်ဟု တရားရုံးကတွေ့ရှိလျှင် တရားရုံးသည် ၎င်းအား သင့်သည်ထင်မြင်သည့် ကုန်ကျစရိတ်များကို ခံစားခွင့်ပြုနိုင်သည်။

(ဆ) စစ်ဆေးမှုမှတ်တမ်းများကို စာဖြင့်ရေးသားမှတ်တမ်းတင်ထားရမည့်အပြင် အဆိုပါ စစ်ဆေးမှုမှတ်တမ်းများကို စစ်ဆေးမေးမြန်းခံရသူသို့သော်လည်းကောင်း၊ စစ်ဆေးမေးမြန်းခံရသူက သော်လည်းကောင်း ဖတ်ကြား၍ လက်မှတ်ရေးထိုးစေရမည်။ အဆိုပါစစ်ဆေးမှုမှတ်တမ်းအား တရားမမှု

စွဲဆိုဆောင်ရွက်ရာတွင် ထိုပုဂ္ဂိုလ်အပေါ် သက်သေခံအဖြစ်အသုံးပြုနိုင်ပြီး မည်သည့်အချိန်တွင်မဆို မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ စစ်ဆေးဆောင်ရွက်မှုများအတွက်လည်း လက်ခံရမည်။

(ဇ) တရားရုံးသည် သင့်သည်ဟုထင်မြင်ပါက စစ်ဆေးမေးမြန်းခြင်းအား အခါအားလျော်စွာ ရွှေ့ဆိုင်းနိုင်သည်။

(ဈ) ဤပုဒ်မအရ ပြုလုပ်သည့်စစ်ဆေးမေးမြန်းမှုတစ်ရပ်ရပ်ကို တရားရုံးက ညွှန်ကြားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် ခုံလူကြီး၊ အကြီးအမှူး၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် ဒုတိယမှတ်ပုံတင်အရာရှိတစ်ဦးအဖြစ်ဆောင်ရွက်သော တရားရုံး၏ တရားသူကြီးတစ်ဦးဦးရှေ့တွင်ဖြစ်စေ၊ အရာရှိတစ်ဦးဦးရှေ့တွင်ဖြစ်စေ ဤကိစ္စရပ်အလို့ငှာ ပြဋ္ဌာန်းထားသော စည်းမျဉ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်သည်။ စစ်ဆေးမေးမြန်းမှုနှင့်စပ်လျဉ်းသည့် ဤပုဒ်မအရ တရားရုံး၏အခွင့်အာဏာများကို ကုန်ကျစရိတ်များနှင့် သက်ဆိုင်သည့်ကိစ္စမှတစ်ပါး စစ်ဆေးမေးမြန်းမှုအား ပြုလုပ်သည့်ပုဂ္ဂိုလ်က ကျင့်သုံးဆောင်ရွက်နိုင်သည်။

၃၃၉။ **တိမ်းရှောင်နေသော ကြွေးမြီပေးဆပ်ရသူအား ဖမ်းဆီးနိုင်သည့် အခွင့်အာဏာ**
တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ခြင်းမပြုမီတွင်ဖြစ်စေ၊ ချမှတ်ပြီးနောက်တွင်ဖြစ်စေ မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် နိုင်ငံတော်မှ ထွက်ပြေးတိမ်းရှောင်ရန်ရှိကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် တိမ်းရှောင်ရန်ရှိကြောင်း သို့မဟုတ် ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ တောင်းခံထားသည့် ငွေပေးချေမှုများမှ ရှောင်လွှဲရန် သို့မဟုတ် စစ်ဆေးမေးမြန်းမှုများမှ ရှောင်ရှားရန်ရည်ရွယ်၍ ၎င်း၏ပစ္စည်းတစ်ရပ်ရပ်ကိုဖယ်ရှားရန် သို့မဟုတ် ကွယ်ဝှက်ရန်ရှိကြောင်း ယုံကြည်လောက်သောအကြောင်းများပေါ်ပေါက်ခဲ့လျှင် ထိုကြွေးမြီပေးဆပ်ရသူကို ဖမ်းဆီးနိုင်သည့်အပြင် ၎င်း၏စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုသိမ်းဆည်းနိုင်သည်။ ကြွေးမြီပေးဆပ်ရသူနှင့် အဆိုပါစာရွက်စာတမ်း၊ ပစ္စည်းများကို တရားရုံးက အမိန့်ချမှတ်ထားသည့်ကာလအထိ ထိန်းသိမ်းထားနိုင်သည်။

၃၄၀။ **အခြားစွဲဆိုဆောင်ရွက်သည့်မှုခင်းများကို မထိခိုက်စေခြင်း**
ဤဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်သည် ငွေကြေးထည့်ဝင်ရန် တောင်းခံမှု သို့မဟုတ် အခြားငွေကြေးတစ်ရပ်ရပ်အတွက် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီစားတစ်ဦးဦးအပေါ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပစ္စည်းတစ်ရပ်ရပ်အပေါ်တွင်ဖြစ်စေ စွဲဆိုဆောင်ရွက်သည့်မှုခင်းများနှင့် စပ်လျဉ်း၍ အပ်နှင်းထားသည့် တည်ဆဲအခွင့်အာဏာတစ်ရပ်ရပ်ကို ကန့်သတ်ခြင်းမရှိစေဘဲ ထပ်ဆင့်၍ ကျင့်သုံးခွင့်ရှိသည့် အခွင့်အာဏာများ ဖြစ်စေရမည်။

**အမိန့်များကို အတည်ပြုခြင်းနှင့် အယူခံခြင်း**

၃၄၁။ **အမိန့်များကို အတည်ပြုနိုင်သည့် အခွင့်အာဏာ**
ဤဥပဒေအရ တရားရုံးတစ်ရုံးရုံးက ချမှတ်နိုင်သည့်အမိန့်အားလုံးကို အဆိုပါတရားရုံးတွင် ပြုလုပ်သော တရားစွဲဆိုမှုတစ်ရပ်ရပ်၌ အမိန့်ဒီကရီများကို အတည်ပြုနိုင်သည့် နည်းလမ်းများအတိုင်း အတည်ပြုဆောင်ရွက်နိုင်သည်။

၃၄၂။ **တရားရုံးတစ်ခုခုတွင် ချမှတ်သည့်အမိန့်ကို အခြားတရားရုံးများတွင် အတည်ပြုခြင်း**
ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ တရားရုံးတစ်ခုကချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်းရှိ မည်သည့်နေရာတွင်မဆို အတည်ပြုနိုင်သည်။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတည်နေရာသည် အခြားနေရာတစ်ခုတွင်ရှိခဲ့လျှင် အမိန့်ချမှတ်သည့် တရားရုံးတည်ရှိသည့် နေရာမှအပ အဆိုပါကုမ္ပဏီနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာရှိသည့်တရားရုံးက မိမိရုံးတွင် ချမှတ်သည့်အမိန့်တစ်ရပ်အား အတည်ပြုဆောင်ရွက်သကဲ့သို့ သက်ဆိုင်သည့် နည်းလမ်းများနှင့်အညီ အတည်ပြုဆောင်ရွက်ရမည်။

၃၄၃။ **အခြား တရားရုံးများက အမိန့်ကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် လိုက်နာရမည့်အချက်များ**

တရားရုံးတစ်ရုံးကချမှတ်သည့် အမိန့်တစ်ရပ်ကို အခြားတရားရုံးတစ်ရုံး၌ အတည်ပြုရန် ဆောင်ရွက်သည့်အခါ အဆိုပါတရားရုံးအမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို ထိုအမိန့်အား အတည်ပြုဆောင်ရွက်မည့် တရားရုံးရှိ သက်ဆိုင်ရာအရာရှိထံသို့တင်ပြရမည်ဖြစ်ပြီး ထိုသို့ အမိန့်မူရင်းမိတ္တူမှန်အား တင်ပြခြင်းသည် ထိုအမိန့်ကို ချမှတ်ပြီးဖြစ်ကြောင်း လုံလောက်သည့် သက်သေခံချက်ဖြစ်စေရမည်။ ထိုတင်ပြချက် အပေါ်တွင် အတည်ပြုဆောင်ရွက်ရမည့် တရားရုံးသည် အမိန့်အား အတည်ပြုဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မိမိရုံး၏အမိန့်အား အတည်ပြုဆောင်ရွက်သကဲ့သို့ အလားတူနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

၃၄၄။ **အမိန့်များအပေါ် အယူခံဝင်ရောက်ခြင်း**

ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ တရားရုံးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အပေါ် ပြန်လည်ကြားနာစေရန် သို့မဟုတ် အယူခံဝင်ရောက်ရန်အတွက် ဆောင်ရွက်မှုများကို အဆိုပါတရားရုံး၏ သာမန်စီရင်ပိုင်ခွင့်အာဏာအတွင်းရှိ မှုခင်းများတွင် ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်နိုင်သည့် နည်းလမ်းများ၊ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ဆောင်ရွက်ရမည်။

**ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း**

၃၄၅။ **ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်မည့် အခြေအနေများ**

အောက်ပါအခြေအနေများတွင် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည် -

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီ၏ သက်တမ်းအတွက် သတ်မှတ်ထားသည့်ကာလကုန်ဆုံးလျှင် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီကိုဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည့်အခြေအနေများဖြစ်ပေါ်ခဲ့လျှင်၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင် သို့မဟုတ်

(ခ) ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမည်ဖြစ်ကြောင်း ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင် သို့မဟုတ်

(ဂ) ကုမ္ပဏီ၏ တာဝန်ရှိမှုများကြောင့် ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှု မပြုနိုင်ခြင်းနှင့် ကုမ္ပဏီကို ဖျက်သိမ်းရန် တင်ပြခြင်းများကြောင့် ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင်။

ဤအပိုင်းတွင် သုံးစွဲဖော်ပြထားသည့် “ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်” ဆိုသည်မှာ ဤပုဒ်မ၏ အပိုဒ် (က) သို့မဟုတ် အပိုဒ် (ခ) သို့မဟုတ် အပိုဒ် (ဂ) တို့အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ဆိုလိုသည်။

၃၄၆။ **ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမှု စတင်ခြင်း**

ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းမှုသည် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်အား ချမှတ်သည့်အချိန်မှစတင်သည်ဟု မှတ်ယူရမည်။

၃၄၇။ **ကုမ္ပဏီ၏ ရပ်တည်မှုအပေါ်တွင် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းခြင်း၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ကုမ္ပဏီအား ဖျက်သိမ်းသည့်နေ့ရက်မှစတင်၍ ကုမ္ပဏီ၏အကျိုးအတွက်ဖျက်သိမ်းရာတွင် လိုအပ်သည့်ကိစ္စရပ်မှအပ ယင်း၏ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမှ ရပ်စဲစေရမည်။ သို့ရာတွင် ကုမ္ပဏီ၏ ကုမ္ပဏီဆိုင်ရာရပ်တည်မှုနှင့် လုပ်ပိုင်ခွင့်များသည် ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကန့်သတ်ချက်တစ်စုံတစ်ရာရှိစေကာမူ ယင်းအား ဖျက်သိမ်းသည်အထိ ဆက်လက်တည်ရှိစေရမည်။

**၃၄၈။ ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ကို အကြောင်းကြားခြင်း**
ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက်တစ်ရပ်ရပ်၏ အကြောင်းကြားစာကို ထိုဆုံးဖြတ်ချက်အား ချမှတ်သည့်နေ့ရက်မှ (၁၀) ရက်အတွင်း နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတို့တွင် ကုမ္ပဏီက ထည့်သွင်းကြေညာ၍ အကြောင်းကြားရမည်။

၃၄၉။ ကုမ္ပဏီသည် ပုဒ်မ ၃၄၈ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည်လည်း အလားတူပြစ်ဒဏ်ထိုက်သင့်စေရမည်။

**၃၅၀။ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာခြင်း**

(က) ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက်ဖျက်သိမ်းရန်ဆောင်ရွက်ခဲ့လျှင် ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာနှစ်ဦးထက် ပိုမိုပါရှိသောကုမ္ပဏီဖြစ်လျှင် ဒါရိုက်တာအများစုသည်လည်းကောင်း၊ ဒါရိုက်တာတစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာသည်လည်းကောင်း ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်မည့်အစည်းအဝေးအတွက် အကြောင်းကြားစာများ ပေးပို့သည့်နေ့ရက်မတိုင်မီ ကျင်းပပြုလုပ်သည့် ဒါရိုက်တာများအစည်းအဝေး၌ ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝစစ်ဆေးဆောင်ရွက်မှုပြုလုပ်ပြီးကြောင်း၊ ထိုသို့ပြုလုပ်ပြီးနောက် ကုမ္ပဏီအား ဖျက်သိမ်းရန်စတင်သည့်နေ့ရက်မှ (၃) နှစ်ထက်မပိုသော ကာလတစ်ရပ်အတွင်း ကုမ္ပဏီသည် ကြွေးမြီများကို အပြည့်အဝပေးချေနိုင်မည်ဟုယူဆကြောင်း ကျမ်းကျိန်လွှာတစ်ရပ်ဖြင့် အတည်ပြုထားသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်သည်။

(ခ) အဆိုပါကြေညာချက်ကို ကုမ္ပဏီကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီစာရင်းစစ်များ၏ အစီရင်ခံစာတစ်စောင်ဖြင့် ထောက်ခံတင်ပြရမည်ဖြစ်ပြီး ဤပုဒ်မ၏ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်နေ့ရက်မတိုင်မီ မှတ်ပုံတင်ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြခြင်းမပြုခဲ့လျှင် အဆိုပါ ကြေညာချက်သည် ဤဥပဒေပါကိစ္စရပ်များအတွက် အကျိုးတစ်စုံတစ်ရာ သက်ရောက်ခြင်းမရှိစေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ပေးပို့သည့် ကြေညာချက်တစ်ရပ်ပါရှိသော ကုမ္ပဏီဖျက်သိမ်းခြင်းကိစ္စရပ်သည် ဤဥပဒေတွင် "ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း" ဟု ဖြစ်သည်။ အထက်ဖော်ပြပါအတိုင်း ပြုလုပ်ပေးပို့သည့် ကြေညာချက်တစ်ရပ်ပါရှိခြင်းမရှိသော ကုမ္ပဏီဖျက်သိမ်းခြင်းကိစ္စရပ်သည် ဤဥပဒေတွင် "မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း" ဟု ဖြစ်သည်။

**ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

**၃၅၁။ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**
ပုဒ်မ ၃၅၂ မှ ၃၅၇ အထိ ယင်းပုဒ်မများအပါအဝင်တို့တွင် ပါရှိသည့်ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်စေရမည်။

**၃၅၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအား ခန့်အပ်ခြင်းနှင့် ယင်းတို့၏ အခကြေးငွေများကို သတ်မှတ်ခြင်းတို့အတွက် ကုမ္ပဏီ၏လုပ်ပိုင်ခွင့်**

(က) အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီသည် ယင်း၏ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏အခြေပစ္စည်းများအား ခွဲဝေပေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို ခန့်အပ်ရမည်ဖြစ်ပြီး အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများသို့ ပေးရမည့်အခကြေးငွေများကို သတ်မှတ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ပြီးသည့်အခါ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များအားလုံးသည် အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆက်လက်ဆောင်ရွက်ခွင့်ပြုသည့်ကိစ္စရပ်မှတစ်ပါး ရပ်စဲသွားမည်ဖြစ်သည်။

၃၅၃။ **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီမှခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာလစ်လပ်သွားလျှင် ကုမ္ပဏီသည် အထွေထွေအစည်းအဝေးတွင် မြီရှင်များ၏ စီမံဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့်အညီ ထိုလစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည်။

(ခ) အဆိုပါကိစ္စရပ်အတွက် အထွေထွေအစည်းအဝေးတစ်ရပ်ကို ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦးထက်ပိုမိုပါရှိသည့်ကိစ္စရပ်ဖြစ်လျှင် ဆက်လက်တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကဖြစ်စေ ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကို ဤဥပဒေအရဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ သတ်မှတ်ထားသည့်နည်းလမ်း သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးကသော်လည်းကောင်း၊ ဆက်လက်တာဝန်ယူဆောင်ရွက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကသော်လည်းကောင်း လျှောက်ထားသဖြင့် တရားရုံးကသတ်မှတ်ပေးသည့် နည်းလမ်းဖြင့်ကျင်းပရမည်။

၃၅၄။ **ကုမ္ပဏီ၏ ပစ္စည်းများကို ရောင်းချခြင်းအတွက် အဖိုးစားနားအဖြစ် အစုရှယ်ယာစသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လက်ခံနိုင်သည့် လုပ်ပိုင်ခွင့်**

(က) ကုမ္ပဏီတစ်ခုသည် ဆန္ဒအလျောက်ဖျက်သိမ်းရန်ရည်ရွယ်ခြင်း သို့မဟုတ် ဆောင်ရွက်ရာတွင် ယင်း၏စီးပွားရေးလုပ်ငန်း သို့မဟုတ် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဤဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကုမ္ပဏီဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ခေါ်တွင်မည့် အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချရန် ရည်ရွယ်လျက်ဆောင်ရွက်ခဲ့လျှင် ဤပုဒ်မတွင် "လွှဲပြောင်းပေးအပ်သည့်ကုမ္ပဏီ" ဟု ခေါ်တွင်မည့် လွှဲပြောင်းရောင်းချမည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့်သက်ဆိုင်သည့် သာမန်လုပ်ပိုင်ခွင့်ကိုဖြစ်စေ၊ သီးခြားစီစဉ်ဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်တစ်ရပ်ကိုဖြစ်စေ အပ်နှင်းသည့် အဆိုပါကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်တစ်ရပ်အရ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်း၊ အစုရှယ်ယာများ၊ အာမခံပေါ်လစီများ သို့မဟုတ် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီရှိ အခြားအလားတူအကျိုးခံစားခွင့်များအတွက်လည်းကောင်း၊ လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင်ပါဝင်သူများသို့ ခွဲဝေပေးရန်အတွက်လည်းကောင်း လျော်ကြေး သို့မဟုတ် လျော်ကြေးတစ်စိတ်တစ်ဒေသကို လက်ခံနိုင်သည် သို့မဟုတ် လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင်ပါဝင်သူများက ငွေကြေး၊ အစုရှယ်ယာ၊ အာမခံပေါ်လစီ၊ သို့မဟုတ် အခြားအလားတူအကျိုးခံစားခွင့် သို့မဟုတ် အခြားအရာများကို လက်ခံခြင်းအစား လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ၏ အကျိုးအမြတ်များကို ရယူဆောင်ရွက်ခြင်း သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို လက်ခံခြင်းတို့ကို ပြုလုပ်နိုင်သည့် အခြားစီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်အားသဘောတူလက်ခံနိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သည့် ရောင်းချမှု သို့မဟုတ် စီစဉ်မှုတစ်ရပ်ရပ်သည် လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင်ပါဝင်သူများအပေါ် တရားဝင်ဖြစ်စေရမည်။

(ဂ) အထူးဆုံးဖြတ်ချက်ချမှတ်ရာတွင် ထောက်ခံမဲပေးခြင်းမပြုခဲ့သော လွှဲပြောင်းပေးအပ်သည့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့လိပ်မူ၍ ၎င်း၏သဘောထားကွဲလွဲမှုကို စာဖြင့်ရေးသားဖော်ပြခဲ့ပြီး အဆိုပါအထူးဆုံးဖြတ်ချက်ချမှတ်ပြီးနောက် (၇) ရက်အတွင်း ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းမှပေးပို့ခဲ့လျှင် ၎င်းအနေဖြင့် ဆုံးဖြတ်ချက်အား အတည်

ဖြစ်စေရန် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်ခြင်းမပြုစေရန် သို့မဟုတ် ၎င်း၏ အကျိုးခံစားခွင့်များကို သဘောတူညီသည့် တန်ဖိုးဖြင့် သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့် တန်ဖိုးဖြင့် ဝယ်ယူဆောင်ရွက်စေနိုင်သည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီတွင်ပါဝင်သူ၏ အကျိုးခံစားခွင့်များကို ဝယ်ယူရန် ဆုံးဖြတ်ပါက ဝယ်ယူပေးချေမည့်ငွေအား ကုမ္ပဏီဖျက်သိမ်းခြင်းမပြုမီ ပေးချေရမည်ဖြစ်ပြီး အထူးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ဆောင်ရွက်ရမည်။

(င) အထူးဆုံးဖြတ်ချက်တစ်ရပ်သည် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအား ခန့်အပ်ရန်အတွက် ချမှတ်သည့်ဆုံးဖြတ်ချက် မတိုင်မီကာလတွင် သို့မဟုတ် တစ်ပြိုင်တည်းအချိန်တွင် ချမှတ်သည့်အကြောင်းကြောင့် ဤပုဒ်မပါ ကိစ္စရပ်များအတွက် တရားမဝင်ဖြစ်ခြင်းမရှိစေရ။ သို့သော် ကုမ္ပဏီအားဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ကို (၁) နှစ်အတွင်း ချမှတ်ခဲ့လျှင်ဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ဖျက်သိမ်းရန် ပြုလုပ်ခဲ့လျှင်ဖြစ်စေ အဆိုပါ အထူးဆုံးဖြတ်ချက်သည် တရားရုံး၏ အတည်ပြုချက်မရှိလျှင် တရားဝင်ခြင်းမရှိစေရ။

(စ) အနုညာတစီရင်ဆုံးဖြတ်ခြင်းကိစ္စရပ်များအတွက် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေတွင် ကန့်သတ်ထားသည်များမှအပ အဆိုပါ ဥပဒေပါပြဋ္ဌာန်းချက်များသည် ဤပုဒ်မအရ ဆောင်ရွက်သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းများအားလုံးနှင့် သက်ဆိုင်စေရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့်ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်စန်းသီတာအောင်<br>တ/၂၉၇၉ | မြင်းခြံ<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးနိုင်နိုင်<br>တ/၃၀၀၉ | ကမာရွတ်<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးလှိုင်ဟိန်းဇော်<br>တ/၃၀၅၆ | ပြင်ဦးလွင်<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ၂၀၁၆ ခုနှစ်၊ တင်သွင်းလွှာအမှတ်-၁

ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်း တို့ရှေ့တွင် -

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

၁။ ဦးစိုင်းသန်းနိုင်
၂။ ဦးစိုင်းသာစိန်
၃။ ဦးကျော်သိန်း
၄။ ဦးကျော်သန်း
၅။ ဦးစိုးအောင်
၆။ ဦးကျင့်ခန့်ပေါင်
၇။ ဦးစိုင်းစံအောင်
၈။ ဒေါ်နန်းနီနီအေး
၉။ ဦးစိုးသိန်း
၁၀။ ဦးကျော်နီနိုင်
၁၁။ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်
၁၂။ ဦးကျော်သန်း
၁၃။ ဦးမောင်ကျော်ဇံ
၁၄။ ဦးတက်ထွန်းအောင်
၁၅။ ဦးမြင့်နိုင်
၁၆။ ဦးကျော်ကျော်
၁၇။ ဒုတိယဗိုလ်မှူးကြီးမျိုးထွန်းအောင် နှင့် ပြည်ထောင်စုလွှတ်တော်
၁၈။ ဗိုလ်မှူးအောင်နိုင်ဦး
၁၉။ ဗိုလ်မှူးသိန်းဘိုဘိုထွေး
၂၀။ ဗိုလ်မှူးအောင်ဖြိုးကျော်
၂၁။ ဗိုလ်မှူးရဲဝင့်စိုး
၂၂။ ဗိုလ်မှူးထက်ကိုကိုအောင်
၂၃။ ဗိုလ်မှူးတင့်လွင်အေး
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ)

| **တင်သွင်းသူများ** | **တင်သွင်းခံရသူ** |
|---|---|
| တင်သွင်းသူများအတွက် | - တရားလွှတ်တော်ရှေ့နေ ဦးသိန်းတင် |
| တင်သွင်းခံရသူအတွက် | - ပြည်ထောင်စုလွှတ်တော်ကိုယ်စား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့် |
| ရုံးတော်သဟာယ | - ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်း |

## ကနဦးဆုံးဖြတ်ရမည့်အကြောင်းအရာများအပေါ် ချမှတ်သည့်အမိန့်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးတို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ "ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် ယူဆရသူဆိုသည့် အရည်အချင်းသတ်မှတ်ချက်သည် နိုင်ငံတော်သမ္မတကရွေးချယ်သော အဖွဲ့ဝင် (၃) ဦး နှင့်သာသက်ဆိုင်ကြောင်း" နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်သွင်းလွှာတင်သွင်းသည်။

တင်သွင်းသူများက ယင်းတို့သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်း ကျော်အရေအတွက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၆၊ ပုဒ်မခွဲ (ဃ) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်သွင်းခွင့်ရှိသူများဖြစ်ကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ်နှင့် ဦးတွာလ်ကျင်ပေါင်တို့အား ခန့်အပ်တာဝန်ပေးရန် လျာထားမှုနှင့်စပ်လျဉ်း၍ အရည်အချင်းကိုက်ညီမှု ရှိ မရှိပြန်လည်စိစစ်နိုင်ရေးအတွက် ကန့်ကွက်ကြောင်းအဆိုကို တင်သွင်းခဲ့သော်လည်း မဲခွဲဆုံးဖြတ်ရာတွင် ကန့်ကွက်မဲများသဖြင့် အဆိုကို ဆက်လက်ဆွေးနွေးခွင့်မရခဲ့ကြောင်း၊ အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဒေါ်ခင်ဌေးကြွယ်သည် နိုင်ငံတော်သမ္မတ စုစည်းတင်ပြသော အဖွဲ့ဝင်ကိုးဦးတွင်ပါဝင်သူဖြစ်သဖြင့်လည်းကောင်း၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကတင်ပြရာတွင် ဦးတွာလ်ကျင်ပေါင်သည် နိုင်ငံတော်သမ္မတက လက်ခံသူဖြစ်သဖြင့် လည်းကောင်း ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ရှင်းပြခဲ့ကြကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃ မှာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများကို အဖွဲ့ဝင်သုံးဦးစီ ရွေးချယ်ရန် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးက အဖွဲ့ဝင်သုံးဦးစီရွေးချယ်ပြီး နိုင်ငံတော်သမ္မတက မိမိ ရွေးချယ်သည့် အဖွဲ့ဝင်သုံးဦးနှင့်အတူ အဖွဲ့ဝင်ကိုးဦး၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် ပေးပို့ရကြောင်း၊ ထိုသို့ ပေးပို့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတက စုစည်းပေးပို့ခြင်းသာဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃ နှင့် မသက်ဆိုင်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ၌ "နိုင်ငံတော်သမ္မတက ရွေးချယ်သောသူများတွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) ပါ သတ်မှတ်ချက်နှင့် မကိုက်ညီသော်လည်း ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကယူဆသူကို ရွေးချယ်နိုင်သည်" ဟု ပြဋ္ဌာန်းထားသဖြင့် အဆိုပါ ဥပဒေပညာရှင်အဖြစ် ယူဆသူဟူသော အရည်အချင်းသတ်မှတ်ချက်သည် နိုင်ငံတော်သမ္မတကရွေးချယ်သော အဖွဲ့ဝင်သုံးဦးနှင့်သာ သက်ဆိုင်သည်မှာထင်ရှားကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ "ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆရသူ ဆိုသည့် အရည်အချင်းသတ်မှတ်ချက်သည် နိုင်ငံတော်သမ္မတက ရွေးချယ်သောအဖွဲ့ဝင် (၃) ဦးနှင့်သာ သက်ဆိုင်ကြောင်း" နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန် တင်သွင်းလွှာတင်သွင်းရခြင်းဖြစ်ကြောင်း ဖော်ပြလျှောက်ထားသည်။

တင်သွင်းခံရသူ ပြည်ထောင်စုလွှတ်တော်က ကနဦးကန့်ကွက်လွှာတင်သွင်းခဲ့ရာ ယင်းကနဦး ကန့်ကွက်လွှာအရပေါ်ပေါက်သော အဓိကဆုံးဖြတ်ရမည့် အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တင်သွင်းလွှာသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အလို့ငှာ အဓိပ္ပာယ်ဖွင့်ဆိုပေးရန်ဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းခံရသူအဖြစ် လျှောက်ထားခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိဟုဆိုခြင်းမှာ မှန် မမှန်၊

(ခ) တင်သွင်းလွှာအပိုဒ် ၄ ပါ အကြောင်းပြချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုဆုံးဖြတ်ပြီးသည့်အချက်အပေါ် ထပ်မံအဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်ပြခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိသည့်အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်တွင်လည်း ပါဝင်ခြင်းမရှိဟုဆိုခြင်းမှာ မှန် မမှန်၊

(ဂ) တင်သွင်းလွှာပါ ဖော်ပြချက်များအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်၏အမြင့်ဆုံးဥပဒေဖြစ်သော ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်ကို နိုင်ငံတော်သမ္မတက ရွေးချယ်သောအဖွဲ့ဝင် (၃) ဦးနှင့်သာသက်ဆိုင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုရန် တောင်းဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည်ဆိုခြင်းမှာ မှန် မမှန်၊

(ဃ) အဆိုပြုတင်သွင်းသော အငြင်းထွက်ပြဿနာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) မှ (၄) အထိ တစ်ဆက်တစ်စပ်တည်း အတိအလင်းပြဋ္ဌာန်းထားသည့် ပုဒ်မခွဲငယ် (၄) ပါ "ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်" ဆိုသည့် စကားရပ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ဖြင့် "နိုင်ငံတော်သမ္မတက ရွေးချယ်သောသူများတွင်" ဟု ဖြည့်စွက်ပြဋ္ဌာန်းထားခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကွဲလွဲသော ဥပဒေဆိုင်ရာပြဿနာဖြစ်ရာ ထိုသို့ကွဲလွဲပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (က) အရ ဥပဒေပြုအဖွဲ့အစည်းတစ်ရပ်ရပ်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အတိုင်း လိုက်နာကျင့်သုံးရမည်ဆိုခြင်းမှာ မှန် မမှန်၊

(င) ယခုအငြင်းထွက်ပြဿနာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ပါ စကားရပ်တစ်ခု၏ အဓိပ္ပာယ်ကို ရှင်းလင်းဖွင့်ဆိုရန်ကိစ္စမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေတို့ ဆန့်ကျင်ကွဲလွဲနေသောကိစ္စရပ်သာဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (က) နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိဟုဆိုခြင်းမှာ မှန် မမှန်။

တင်သွင်းခံရသူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားဆောင်ရွက်သူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ "ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကယူဆသူ" ဆိုသည့် အရည်အချင်းသတ်မှတ်ချက်သည် နိုင်ငံတော်သမ္မတက ရွေးချယ်သောအဖွဲ့ဝင် (၃) ဦးနှင့်သာသက်ဆိုင်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်သွင်းလွှာတင်သွင်းခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ ထိုသို့ အဓိပ္ပာယ်ဖွင့်ဆိုစေရာတွင် ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းခံရသူအဖြစ် လျှောက်ထားခြင်းမှာ ဥပဒေနှင့်မညီကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကိုလည်းကောင်း နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရာ၌ ပြည်ထောင်စုလွှတ်တော်သည် သဘောတူညီချက်ပေးရသူသာဖြစ်ကြောင်း၊ ထိုသို့ တင်သွင်းလာသည့်အပေါ် အဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၈ အရ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ငြင်းပယ်ခွင့်မရှိကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၇ အရ နိုင်ငံတော်သမ္မတက ခန့်အပ်နိုင်ရန် သဘောတူညီချက်ပေးရသူသာဖြစ်ကြောင်း၊ ထိုသို့ သဘောတူညီချက်ပေးရာတွင် ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆ အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကို ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက အဆိုပြုလာသည့်အပေါ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇ မှ ၃၅ အထိပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရခြင်းသာဖြစ်ရာ

ယခုကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုခြင်းကိစ္စအတွက် ပြည်ထောင်စုလွှတ်တော်သည် ပြန်လည်ရှင်းလင်းရမည့် သို့မဟုတ် အကျိုးသက်ဆိုင်သည့် အဖွဲ့အစည်းမဟုတ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) နှင့် နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ (ဃ) တို့အရဆိုလျှင်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် လျှောက်ထားရာတွင် ပြည်ထောင်စု လွှတ်တော်ကို တင်သွင်းခံရသူအဖြစ်ထားရှိခြင်းမှာ မှန်ကန်မှုမရှိကြောင်း လျှောက်လဲတင်ပြသည်။

တင်သွင်းသူများ၏ တရားလွှတ်တော်ရှေ့နေ ဦးသိန်းတင်က ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှုအာဏာကို အပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ခြင်း၊ ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂၄) အရ ပြည်ထောင်စု လွှတ်တော်သည် သူတစ်ဦး၊ ပုဂ္ဂိုလ်၊ legal person, juristic person ဖြစ်ခြင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စု လွှတ်တော်အပေါ် အမှုစွဲဆိုခြင်းမဟုတ်ဘဲ တရားမကျင့်ထုံးဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းမှန်ကန်မှု ရှိစေရန်အလို့ငှာ necessary party အဖြစ် ထည့်သွင်းလျှောက်ထားမှုသာဖြစ်ခြင်း၊ ဤတင်သွင်းလွှာမှာလည်း ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်တစ်ရပ်ကိုအခြေခံ၍ တင်သွင်းသောကိစ္စဖြစ်ခြင်းတို့ကြောင့် ပြည်ထောင်စုလွှတ်တော်အား တင်သွင်းခံရသူအဖြစ် ထည့်သွင်းလျှောက်ထားခြင်းမှာ ဥပဒေအရ မှန်ကန်ပါကြောင်း လျှောက်လဲတင်ပြသည်။

ရုံးတော်သဟာယအဖြစ် ပြည်ထောင်စုရှေ့နေချုပ်ကိုယ်စား လိုက်ပါဆောင်ရွက်သော ပြည်ထောင်စု ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် များကို ရွေးချယ်သူများမှာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သာ ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ဟုတ် မဟုတ် စိစစ်ရွေးချယ်သူမဟုတ်ဘဲ တင်သွင်းလာသည့်အဆိုကို လက်ခံဆွေးနွေး၍ ဆုံးဖြတ်ခြင်းပြုသည့် အဖွဲ့အစည်းသာဖြစ်ကြောင်း၊ ထို့ကြောင့် ယခုတင်သွင်းလွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းရမည့်အဖွဲ့အစည်းဖြစ်သည်ဟုလည်းကောင်း၊ အကျိုးသက်ဆိုင်သော အဖွဲ့အစည်း ဖြစ်သည်ဟုလည်းကောင်း ဆိုနိုင်မည်မဟုတ်ကြောင်း၊ သို့ဖြစ်ရာ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းခံရသူ အဖြစ် ဖော်ပြခြင်းသည် သင့်မြတ်မှန်ကန်မှုမရှိကြောင်း လျှောက်လဲတင်ပြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနည်းဥပဒေများ၏ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က) တွင် တင်သွင်းလွှာ၌ပါဝင်ရမည့် အချက်အလက်များကိုဖော်ပြထားရာ နည်းဥပဒေခွဲငယ် (၂) တွင် “တင်သွင်းသည့်ကိစ္စရပ်အပေါ် ပြန်လည်ရှင်းလင်းရမည့် သို့မဟုတ် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန သို့မဟုတ် အဖွဲ့အစည်းရှိလျှင် ယင်းတို့၏ အမည်၊ ရာထူးနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ” ဟူ၍ ပါရှိသည်။ ထို့ကြောင့် တင်သွင်းသူများက နည်းဥပဒေ ၄ အရ တင်သွင်းလွှာတွင်ပါဝင်ရမည့် အချက်အလက်များနှင့် ညီညွတ်ပြည့်စုံစေရန်အတွက် ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းခံရသူအဖြစ် ဖော်ပြခဲ့ခြင်းဖြစ်ဟန်ရှိသည်။

တင်သွင်းသူများ၏အဆိုအရ ယခုတင်သွင်းလွှာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့်စပ်ဆိုင်သည့် ပြဋ္ဌာန်းသတ်မှတ်ချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်သွင်းခြင်းဖြစ်သည်။ ပုဒ်မ ၃၃၃ အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်၏ အရည်အချင်းနှင့် ပြည့်စုံသူများအနက်မှ အဖွဲ့ဝင်သုံးဦးစီကို ရွေးချယ်ရမည့်သူမှာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃ ၌ ပြည်ထောင်စုလွှတ်တော်နှင့်သက်ဆိုင်သော အကြောင်းကိစ္စပါဝင်ခြင်း မရှိပေ။ ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ အရ နိုင်ငံတော်သမ္မတက တင်သွင်းလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို သဘောတူညီချက်ပေးရသည့် အဖွဲ့အစည်းဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်သမ္မတက စုစည်းအမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်များအား ခုံရုံးအဖွဲ့ဝင်အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ ဟူ၍လည်း ပုဒ်မ ၃၂၈ ၌ ပြဋ္ဌာန်းထားကြောင်းတွေ့ရသည်။

ထို့ကြောင့် ဆုံးဖြတ်ရမည့်အကြောင်းအရာ (က) နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းခံရသူအဖြစ် ဖော်ပြခြင်းသည် ဤတင်သွင်းလွှာပါကိစ္စရပ်အတွက် မှန်ကန်မှုမရှိကြောင်းဆုံးဖြတ်သည်။

တင်သွင်းလွှာအပိုဒ် ၄ တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင်ပါဝင်သည့် အဖွဲ့ဝင်နှစ်ဦးအား လျာထားမှုနှင့်စပ်လျဉ်း၍ အရည်အချင်းကိုက်ညီမှု ရှိ မရှိ ပြန်လည်စိစစ်နိုင်ရေးအတွက် ကန့်ကွက်ကြောင်း အဆိုကို ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ၌ ကန့်ကွက်မဲများသဖြင့် ဆက်လက်ဆွေးနွေးခွင့်မရခဲ့ခြင်းကိစ္စကို အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြထားသည်။

တင်သွင်းခံရသူကိုယ်စားဆောင်ရွက်သူက ယင်းအကြောင်းပြချက်မှာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုဆုံးဖြတ်ပြီးအချက်အပေါ် ထပ်မံအဓိပ္ပာယ်ဖွင့်ဆိုရန် တင်ပြခြင်းဖြစ်၍ ဥပဒေနှင့်ညီညွတ်မှု မရှိသည့်အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်တွင်လည်း ပါဝင်ခြင်း မရှိကြောင်း စသည်ဖြင့်လျှောက်လဲတင်ပြသည်။

တင်သွင်းသူများ၏ရှေ့နေက ပြည်ထောင်စုလွှတ်တော်၌ မဲခွဲဆုံးဖြတ်ချက်သည် ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်၏ ဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ အနက်အဓိပ္ပာယ်ဖွင့်ဆိုပိုင်ခွင့်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၌သာ အခွင့်အာဏာရှိကြောင်း၊ ကနဦးကန့်ကွက်လွှာအပိုဒ် ၃ ပါ “နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်တွင် ပါဝင်ခြင်းမရှိပါ” ဟူသော ဖော်ပြချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်လျက်ရှိပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်ကို ကန့်သတ်ရာရောက်စေကြောင်း လျှောက်လဲတင်ပြသည်။

ရုံးတော်သဟာယက ယခုတင်သွင်းလွှာတွင် ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) တို့ ကိုက်ညီမှု မရှိခြင်းကိုလည်းကောင်း ရောထွေးဖော်ပြထားသော်လည်း ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ခုံရုံးဥပဒေတို့ ဆန့်ကျင်ခြင်း ရှိ မရှိ ကိုလည်းကောင်း ဆုံးဖြတ်ပေးရန် သို့မဟုတ် သဘောထားရယူရန် လျှောက်ထားခြင်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန် လျှောက်ထားခြင်းဖြစ်သည်ကိုတွေ့ရကြောင်း အဓိကအားဖြင့် လျှောက်လဲတင်ပြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ပိုင်းခြားထားသည် -

“(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊”

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်းလုပ်ငန်းတာဝန်ကို ဥပဒေနှင့်အညီဆောင်ရွက်ရာ၌ ဥပဒေပြုအာဏာပိုင်များက ပြဋ္ဌာန်းသည့် ဥပဒေများကို စိစစ်နိုင်သကဲ့သို့ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များကိုလည်း စိစစ်နိုင်ခွင့်ရှိပေသည်။ သို့ရာတွင် ဥပဒေပြုအာဏာပိုင်များ၏ ဆောင်ရွက်ချက်များကိုမူကား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပိုင်ခွင့်မရှိပေ။ ယင်းသို့သော စိစစ်ပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအား အပ်နှင်းထားခြင်းမရှိပေ။

ထို့ကြောင့် ဆုံးဖြတ်ရမည့်အကြောင်းအရာ (ခ) နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုဆုံးဖြတ်ပြီးသည့်အချက်အပေါ် ထပ်မံအဓိပ္ပာယ်ဖွင့်ဆိုပေးရန်ကိစ္စသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်တွင်ပါဝင်ခြင်းမရှိသဖြင့် ထိုသို့အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်ပြခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်သည်။

တင်သွင်းခံရသူ ကိုယ်စားဆောင်ရွက်သူက အခြားအကြောင်းအချက်များအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတက ယူဆသူ ဟူသော စကားရပ်မှာ နိုင်ငံတော်သမ္မတကရွေးချယ်သူ သုံးဦးအတွက်သာမဟုတ်ဘဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ကရွေးချယ်သော အဖွဲ့ဝင်သုံးဦးစီနှင့်လည်း သက်ဆိုင်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကိုပြဋ္ဌာန်းသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ကို သီးခြားခွဲထုတ်၍ "နိုင်ငံတော်သမ္မတက ရွေးချယ်သောသူများတွင်" ဟူသောစကားရပ်ကို ဖြည့်စွက်ထည့်သွင်းလိုက်သဖြင့် မူလဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ကွဲလွဲရခြင်းဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

ရုံးတော်သဟာယက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃ ၏ ခြေဆင်းတွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအနက်မှ အဖွဲ့ဝင်သုံးဦးစီကို ရွေးချယ်ရမည်ဟူ၍ဖော်ပြပြီး အရည်အချင်းသတ်မှတ်ချက်များကို ပုဒ်မခွဲ (က) မှ (ဇ) အထိ ဖော်ပြထားသဖြင့် ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ နိုင်ငံတော်သမ္မတကယူဆသူ ဆိုသည့် အရည်အချင်းသတ်မှတ်ချက်သည် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ သုံးဦးလုံးက ရွေးချယ်သောသူများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ၌ "နိုင်ငံတော်သမ္မတက ရွေးချယ်သောသူများတွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) ပါ သတ်မှတ်ချက်များနှင့် မကိုက်ညီသော်လည်း ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ်ယူဆသူကို ရွေးချယ်နိုင်သည်" ဟု ထည့်သွင်းပြဋ္ဌာန်းလိုက်သဖြင့် နိုင်ငံတော်သမ္မတက ရွေးချယ်သူသုံးဦးနှင့်သာ သက်ဆိုင်တော့သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည်ကိုတွေ့ရကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

တင်သွင်းသူများ၏ရှေ့နေက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ၌ "ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကယူဆသူ" ဟူ၍ အတိအလင်းပြဋ္ဌာန်းထားရာ ယင်းကဲ့သို့ယူဆပိုင်ခွင့်ရှိသူမှာ နိုင်ငံတော်သမ္မတ တစ်ဦးတည်းသာလျှင်ဖြစ်ကြောင်း၊ ယင်းပြဋ္ဌာန်းချက်သည် နိုင်ငံတော်သမ္မတကိုသာလျှင် ပေးအပ်ထားသည့် ကြီးမြတ်သော ဂုဏ်ဒြပ်နှင့် အထူးအခွင့်အရေး honour and privilege ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်သည့် အခွင့်အာဏာ constitutional mandate ဖြစ်ကြောင်း၊ ယင်းအခွင့်အာဏာကို အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမျှ အပ်နှင်းထားခြင်းမရှိကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ယင်းအခွင့်အာဏာကိုရယူ၍ ဆောင်ရွက်မည်ဆိုပါလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီတော့မည်မဟုတ်သည့်အပြင် အခွင့်အာဏာကို ကျော်လွန်သောဆောင်ရွက်ချက် *ultra vires* အဖြစ်သို့လည်း ရောက်ရှိသွားနိုင်ကြောင်း အဓိကအားဖြင့် လျှောက်လဲတင်ပြသည်။

ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကသာလျှင် ယူဆနိုင်သည့်အခွင့်အာဏာရှိသည်ဆိုသောအချက်မှာ ဤတင်သွင်းလွှာ၌ အငြင်းပွားသော ပြဿနာ မဟုတ်ပေ။ ထိုအခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်က ရယူသုံးစွဲခြင်းဟူသောပြဿနာသည်လည်း ဤတင်သွင်းလွှာအရ မပေါ်ပေါက်ပေ။

ဤတင်သွင်းလွှာအရ ပေါ်ပေါက်သောပြဿနာမှာ နိုင်ငံတော်သမ္မတက ထိုအခွင့်အာဏာကို သုံးစွဲရာတွင် ၎င်းရွေးချယ်သော အဖွဲ့ဝင်သုံးဦးအတွက်သာ သုံးစွဲပိုင်ခွင့်ရှိသည်ဆိုခြင်းသည် မှန် မမှန် ဟူသောကိစ္စသာဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ၎င်းတို့၌ပါရှိသောပုဒ်မများ၊ ပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်ကောက်ယူရာတွင် လိုက်နာလေ့ရှိသော ထုံးတမ်းစဉ်လာများနှင့် ဥပဒေသများကို **ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ လွှဲအပ်ခြင်းကိစ္စ၊ ၁၉၅၂ ခုနှစ် လွှဲအပ်မှုအမှတ် ၂** [၁] ၌ ညွှန်ပြထားသည်။ ယင်းညွှန်ပြချက်များအနက် ဤတင်သွင်းလွှာနှင့်သက်ဆိုင်သော ဥပဒေသတစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်သည် -

> "တိုင်းပြည်ပြုလွှတ်တော်၏ ရည်ရွယ်ချက်နှင့် အကြံအစည်များအတိုင်းဖြစ်စေရန် အခြေခံဥပဒေတစ်စောင်လုံးကိုခြုံ၍ အဓိပ္ပာယ်ကောက်ယူရမည်။ အနည်းဆုံး အလားတူအကြောင်းခြင်းရာများနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကိုပါ ထည့်သွင်းစဉ်းစားပြီးမှ အဓိပ္ပာယ်သဘောကို ကောက်ယူရမည်။"

ဤတင်သွင်းလွှာတစ်ရပ်လုံးသည် နိုင်ငံတော်သမ္မတ၏ယူဆပိုင်ခွင့် အခွင့်အာဏာအပေါ် အခြေခံထားသည်ဖြစ်ရာ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်စောင်လုံးမှ "နိုင်ငံတော်သမ္မတ၏ ယူဆပိုင်ခွင့်" နှင့် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များကို လေ့လာကြည့်ရှုရန်လိုအပ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတ၏ ယူဆပိုင်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၏ အရည်အချင်းနှင့်သက်ဆိုင်သော ပုဒ်မ ၃၃၃ (ဃ) (၄) ၌ ဖော်ပြပါရှိသည့်နည်းတူ ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့်သက်ဆိုင်သည့် ပုဒ်မ ၂၃၇ (က) (၄) (ဃဃ) တွင်လည်းကောင်း၊ ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့်သက်ဆိုင်သည့် ပုဒ်မ ၂၃၉ (က) (၄) (ဃဃ) တွင်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့်သက်ဆိုင်သည့် ပုဒ်မ ၂၄၂ (က) (၄) (ဂဂ) တွင်လည်းကောင်း၊ ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့်သက်ဆိုင်သည့် ပုဒ်မ ၂၄၄ (က) (၄) (ဂဂ) တွင်လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အရည်အချင်းများနှင့်သက်ဆိုင်သည့် ပုဒ်မ ၃၀၁ (ဃ) (၄) တွင်လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၏ အရည်အချင်းများနှင့် သက်ဆိုင်သည့် ပုဒ်မ ၃၁၀ (ဃ) (၃) တွင်လည်းကောင်း တူညီစွာစံနှုန်းတစ်ရပ်အဖြစ် ပြဋ္ဌာန်းထားကြောင်းတွေ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၅၈ တို့အရ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲ၊ နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲနှင့် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်ဖြစ်သဖြင့် ထိုသို့သော အထူးအခွင့်အာဏာအပ်နှင်းထားခြင်းဖြစ်ပေသည်။ ယင်းအခွင့်အာဏာကို နိုင်ငံတော်သမ္မတက ကျင့်သုံးရာ၌ မိမိရွေးချယ်သောသူ သုံးဦးအတွက်သာ သုံးစွဲခွင့်ရှိသည်ဟု ကန့်သတ်လိုက်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေတစ်စောင်လုံးပါ ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များ၏ ရည်ရွယ်ချက်နှင့်ညီညွတ်လိမ့်မည်မဟုတ်ပေ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄ (က) ၏ ခြေဆင်းတွင် "နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအနက်မှ အဖွဲ့ဝင်သုံးဦးစီကို ရွေးချယ်ရမည်" ဟူ၍ ဖော်ပြထားသော်လည်း ပုဒ်မခွဲငယ် (၁) မှ (၆) အထိတွင် အဖွဲ့ဝင်တို့၏အရည်အချင်းများကို ဖော်ပြရာ၌ "ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကယူဆသူ" ဆိုသော သတ်မှတ်ချက်ကို ထည့်သွင်းခြင်းမရှိဘဲ ချန်လှပ်၍ ပုဒ်မခွဲငယ် (ခ) အဖြစ် သီးခြားတည်ဆောက်ထားသည်။ ထို့ကြောင့် ပုဒ်မခွဲ (ခ) ပါ ဖော်ပြချက်သည် ပုဒ်မခွဲ (က) ၏ ခြေဆင်းပါ ရွေးချယ်သူသုံးဦးဖြစ်သော နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ သုံးဦးနှင့်သက်ဆိုင်ခြင်းမရှိသည့်သဘော သက်ရောက်သွားသည်။ ထို့ပြင် ပုဒ်မခွဲ (ခ) ကိုဖော်ပြရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်နှင့်မတူညီဘဲ အပိုဆောင်း

---

(၁) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၀။

ဖြည့်စွက်ချက်များ ထည့်သွင်းထားကြောင်းကိုလည်းတွေ့ရသည်။ အထူးသဖြင့် "နိုင်ငံတော်သမ္မတက ရွေးချယ်သူများတွင်" ဟူသောစကားရပ်ကို ဖြည့်စွက်ထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် သိသာထင်ရှားသော ကွဲလွဲဆန့်ကျင်မှုကိုဖြစ်ပေါ်စေသည်။

တင်သွင်းလွှာအပိုဒ် ၈ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ကိုဖော်ပြပြီး အပိုဒ် ၉ တွင် အောက်ပါအတိုင်း ဆက်လက်အဆိုပြုသည် -

"၉။ အထက်ဖော်ပြပါ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ၌ ရွေးချယ်သောသူများတွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) ပါ သတ်မှတ်ချက်နှင့် မကိုက်ညီသော်လည်း ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတကယူဆသူကို ရွေးချယ်နိုင်အောင် ပြဋ္ဌာန်းထားသဖြင့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် ယူဆနိုင်သူမှာ နိုင်ငံတော်သမ္မတကရွေးချယ်သော အဖွဲ့ဝင်သုံးဦးနှင့်သာသက်ဆိုင်ကြောင်း ထင်ရှားပါသည်။"

ထိုသို့ တင်သွင်းလွှာအပိုဒ် ၈ နှင့် ၉ တို့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ကို အလေးထားလျက် ရည်ညွှန်းကိုးကားပြီးနောက် အပိုဒ် ၁၂ တွင် အောက်ပါအတိုင်း တောင်းဆိုထားသည် -

"၁၂။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်ဖြစ်သော ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် ယူဆခွင့်ရှိသူမှာ နိုင်ငံတော်သမ္မတသာဖြစ်ပြီး ယင်းသို့ယူဆရာတွင်လည်း လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးကရွေးချယ်သော အဖွဲ့ဝင် (၆) ဦးနှင့်သက်ဆိုင်ခြင်းမရှိဘဲ နိုင်ငံတော်သမ္မတက ကိုယ်တိုင်ရွေးချယ်သော အဖွဲ့ဝင် (၃) ဦး အတွက်သာဖြစ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ 'ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် ယူဆရသူဆိုသည့် အရည်အချင်းသတ်မှတ်ချက်သည် နိုင်ငံတော်သမ္မတက ရွေးချယ်သောအဖွဲ့ဝင် (၃) ဦးနှင့်သာ သက်ဆိုင်ကြောင်း' နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန် တင်သွင်းလွှာတင်သွင်းအပ်ပါသည်။"

တင်သွင်းလွှာအပိုဒ် ၈၊ ၉ နှင့် ၁၂ ပါ အဆိုပြုချက်များကို ထောက်ရှုပါက တင်သွင်းသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ကို မူရင်းပြဋ္ဌာန်းချက်အတိုင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးရန် တောင်းဆိုခြင်းမဟုတ်ဘဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို အားကိုးအားထားပြုလျက် ယင်းဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ပါ ဆိုလိုချက်အတိုင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တောင်းခံနေခြင်းဖြစ်ကြောင်း မြင်သာသည်။

ထိုသို့တောင်းဆိုခြင်းမှာ နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို တည်ဆဲဥပဒေတစ်ရပ်၏ဘောင်အတွင်းသို့ သွတ်သွင်းပေးရန် တောင်းဆိုသည့်သဘော သက်ရောက်သည်။ တင်သွင်းလွှာပါ တောင်းဆိုချက်အတိုင်း ဆောင်ရွက်မည်ဆိုပါက လက်စွပ်နှင့်မတော်သည်ကို အကြောင်းပြု၍ လက်ချောင်းကိုလှီးဖြတ်ရာ ရောက်မည်ဖြစ်သောကြောင့် လိုက်လျောခွင့်ပြုရန်မဖြစ်နိုင်ပေ။

ထို့ကြောင့် ဆုံးဖြတ်ရမည့်အကြောင်းအရာ (ဂ) နှင့်စပ်လျဉ်း၍ တင်သွင်းလွှာပါ ဖော်ပြချက်များအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်၏အမြင့်ဆုံးဥပဒေဖြစ်သော ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်ကို နိုင်ငံတော်သမ္မတကရွေးချယ်သော အဖွဲ့ဝင်သုံးဦးနှင့်သာသက်ဆိုင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုရန် တောင်းဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည်ဆိုခြင်းမှာ မှန်ကြောင်း ဆုံးဖြတ်သည်။

တင်သွင်းခံရသူကိုယ်စားဆောင်ရွက်သူက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြဋ္ဌာန်းရာတွင် ပုဒ်မ ၄၊ ပုဒ်မခွဲငယ် (ခ) ကို သီးခြားခွဲထုတ်ပြီး "နိုင်ငံတော်သမ္မတက ရွေးချယ်သူများတွင်"

ဟူသော စကားရပ်ကို ထည့်သွင်းခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲသည့် အငြင်းပွားမှုသာဖြစ်ကြောင်း၊ ထိုသို့ကွဲလွဲပါလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (က) အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရမည်ဖြစ်ကြောင်း စသည်ဖြင့်လျှောက်လဲတင်ပြသည်။

တင်သွင်းသူများ၏ရှေ့နေက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) တို့တွင် ပြဋ္ဌာန်းထားသည့် အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီခြင်းမရှိစေကာမူ နိုင်ငံတော်သမ္မတသည် ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်ဖြစ်သည်ဟု ၎င်းကယူဆသူအား ခုံရုံးအဖွဲ့ဝင် အဖြစ် ခန့်အပ်တာဝန်ပေးခွင့်ရှိရာ အဆိုပါယူဆခွင့်ကို နိုင်ငံတော်သမ္မတကသာလျှင်ရရှိကြောင်း၊ သို့ပါ၍ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) သည် နိုင်ငံတော်သမ္မတက ရွေးချယ်သော ခုံရုံးအဖွဲ့ဝင်သုံးဦးကိုသာ ဆိုလိုခြင်းဖြစ်သည်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် ခုံရုံးသို့လျှောက်ထားခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် မိမိတို့တင်သွင်းလွှာနှင့် သက်ဆိုင်အကျုံးဝင်ခြင်းမရှိကြောင်း အဓိကအားဖြင့် လျှောက်လဲတင်ပြသည်။

ရှုံးတော်သဟာယက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ တွင် "တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှအတည်ဖြစ်သည်" ဟု ပြဋ္ဌာန်းထားကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃ နှင့် ဆန့်ကျင်ကွဲလွဲလျှင် အတည်ဖြစ်မည်မဟုတ်ကြောင်း၊ ယင်းကဲ့သို့ ဆန့်ကျင်ကွဲလွဲပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (က) အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၉ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။"

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (က) တွင်လည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားကြောင်း တွေ့ရသည် -

"ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊"

အကြောင်းအရာ (ဂ) နှင့် (ဃ) တို့သည် ဆက်စပ်နေသောပြဿနာများဖြစ်သည့်အလျောက် အကြောင်းအရာ (ဂ) တွင် စိစစ်သုံးသပ်ခဲ့ပြီးဖြစ်သောအချက်များကို အခြေပြု၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကို အခြေပြု၍လည်းကောင်း အကြောင်းအရာ (ဃ) ကို ဖြေဆိုဆုံးဖြတ်ရပေမည်။

ထို့ကြောင့် ဆုံးဖြတ်ရမည့်အကြောင်းအရာ (ဃ) နှင့်စပ်လျဉ်း၍ အဆိုပြုတင်သွင်းသော အငြင်းထွက်ပြဿနာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) မှ (၄) အထိ တစ်ဆက်တစ်စပ်တည်း အတိအလင်းပြဋ္ဌာန်းထားသည့် ပုဒ်မခွဲငယ် (၄) ပါ "ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်" ဆိုသည့် စကားရပ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ဖြင့် "နိုင်ငံတော်သမ္မတက ရွေးချယ်သောသူများတွင်" ဟု ဖြည့်စွက်ပြဋ္ဌာန်းထားခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကွဲလွဲသော ပြဿနာသာဖြစ်ကြောင်း သုံးသပ်သည်။ ထိုသို့ ဆန့်ကျင်ကွဲလွဲပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်ဆိုခြင်းမှာ မှန်ကြောင်းဆုံးဖြတ်သည်။

တင်သွင်းခံရသူကိုယ်စားဆောင်ရွက်သူက ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ကို အပိုဆောင်းပြီး အဓိပ္ပာယ်ကောက်ယူနိုင်ခွင့်မရှိဆိုသောဥပဒေသကို တင်သွင်းလွှာအပိုဒ် ၁၁ တွင် တင်သွင်းသူများက ဝန်ခံထားပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ၏ယူဆခွင့်သည် အဖွဲ့ဝင်ကိုးဦးလုံးကို လွှမ်းခြုံကြောင်း ပေါ်လွင်ပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆို ပေးရမည့်ကိစ္စမျိုးမဟုတ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (က) အရ ခုံရုံးက လုပ်ဆောင် ပေးရန်တာဝန်မရှိကြောင်း လျှောက်လဲတင်ပြသည်။

တင်သွင်းသူများ၏ရှေ့နေက တင်သွင်းလွှာပါအငြင်းထွက်ပြဿနာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်ဆိုင်သော အငြင်းထွက်ပြဿနာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ၊ အယူအဆ ကွဲလွဲမှုများ၊ အဓိပ္ပာယ်ကောက်ယူရာတွင် သဘောအမြင်မတူညီမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကသာလျှင် အနက်အဓိပ္ပာယ်ဖွင့်ဆို ပေးရမည်ဖြစ်ကြောင်း စသည်ဖြင့်လျှောက်လဲတင်ပြသည်။

ရုံးတော်သဟာယက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်သည် ရှင်းလင်းလျက်ရှိသဖြင့် အဓိပ္ပာယ်ဖွင့်ဆိုပေးရန် လိုအပ်ခြင်းမရှိကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) နှင့် ကိုက်ညီမှုမရှိ၍ အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်ပြချက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (က) နှင့် ကိုက်ညီမှုမရှိကြောင်း လျှောက်လဲတင်ပြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်း တာဝန်များကို ဖော်ပြထားသည်။ ယင်းဥပဒေ ပုဒ်မခွဲ (က) အရ "ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း" သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သည်ဆိုခြင်းမှာ မှန်ကန်ပေသည်။

သို့ရာတွင် ယခုကြားနာသောအကြောင်းကိစ္စ၌ တင်သွင်းလွှာတစ်ခုလုံးကို ခြုံငုံသုံးသပ်ကြည့်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်၏ ဆိုလိုချက်သည် ဒွိဟသံသယကိုဖြစ်စေသဖြင့် ယင်းပြဋ္ဌာန်း ချက်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပေးရန်အလို့ငှာ တောင်းဆိုခြင်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်တို့ ကွဲလွဲနေသည်ကိုအကြောင်းပြု၍ ခုံရုံးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ပါအတိုင်း လိုက်လျောဖွင့်ဆိုပေးရန် တောင်းဆိုသောကိစ္စဖြစ်ကြောင်းသာ ပေါ်ပေါက်သည်။

ထို့ကြောင့် ဆုံးဖြတ်ရမည့်အကြောင်းအရာ (င) နှင့်စပ်လျဉ်း၍ ယခုတင်သွင်းလွှာတွင်ပါရှိသော အငြင်းထွက်ပြဿနာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ပါ စကားရပ်တစ်ခု၏ အဓိပ္ပာယ်ကို ရှင်းလင်း ဖွင့်ဆိုရန်ကိစ္စမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေတို့ ဆန့်ကျင်ကွဲလွဲနေသော ကိစ္စရပ်သာ ဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (က) နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိဟုဆိုခြင်းမှာ မှန်ကြောင်းဆုံးဖြတ်သည်။

အထက်တွင် ဖော်ပြခဲ့သော သုံးသပ်ဆုံးဖြတ်ချက်များအရ ဤတင်သွင်းလွှာသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိပေ။

ထို့ကြောင့် ဤတင်သွင်းလွှာကို ပလပ်လိုက်သည်။

မျိုးညွန့်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

အမှတ် ၉ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးမြင့်ဝင်း၏ ကိုယ်ရေးအရာရှိ ဦးညဏ်မိုးထက်ဆွေအား ၎င်း၏ ကိုယ်တိုင်ဆန္ဒပြုလွှာကျက်ထားချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် နံနက်ပိုင်းမှစ၍ ကိုယ်ရေးအရာရှိအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

မျိုးညွန့်

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

အမှတ် ၁၀ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် ဌာနခွဲစာရေး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးဇော်လွင်အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးမြင့်ဝင်း၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဖြစ် ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

မျိုးညွန့်

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

**ဝန်ထမ်းရေးရာနှင့်အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊ ဝန်ထမ်းရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအား စနစ်တကျ မှန်ကန်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (၁) ဦး | အဖွဲ့ဝင် |

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲဆိုင်ရာ) အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူး (စီမံ၊ ထောက်ပံ့နှင့်ဘဏ္ဍာရေးဌာန) အတွင်းရေးမှူး

(စ) ဒုတိယညွှန်ကြားရေးမှူး (စီမံဌာနခွဲ) တွဲဖက်အတွင်းရေးမှူး

၂။ ဝန်ထမ်းရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ် ကြပ်မတ် ညွှန်ကြားဆောင်ရွက်ရန်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့နေရာချထားခြင်း၊ ဌာနကူးပြောင်းတာဝန် ထမ်းဆောင်ခြင်း၊ နုတ်ထွက်ခြင်း၊ အငြိမ်းစားယူခြင်းတို့နှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ကြပ်မတ်ဆောင်ရွက်ရန်။

(ဂ) ပြည်တွင်း/ပြည်ပသင်တန်းများ တက်ရောက်ရန် စေလွှတ်ရာတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား စနစ်တကျရွေးချယ်စေလွှတ်ရေး ကြပ်မတ်ဆောင်ရွက်ရန်။

(ဃ) ဝေးလံခေါင်ဖျားသောဒေသများတွင် ဒေသခံများကို ဦးစားပေးရွေးချယ်ခန့်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၎င်းဒေသများတွင် ရောက်ရှိတာဝန်ထမ်းဆောင်နေရသူများအနေဖြင့် ကာလအပိုင်းအခြားတစ်ခုအထိ ထမ်းဆောင်ခဲ့ပြီးနောက် လူမှုရေး၊ ကျန်းမာရေးအခက်အခဲများ ကြောင့် ပြောင်းရွှေ့ခွင့်တင်ပြလာပါက နေရာလစ်လပ်မှုအပေါ် မူတည်၍ ဦးစားပေး ပြောင်းရွှေ့ နေရာချထားပေးရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်။

(င) ဝန်ထမ်းများအတွက် သတ်မှတ်ထားသည့် လစာ၊ ထောက်ပံ့ကြေးနှင့် စရိတ်များခွင့်ပြုခြင်းနှင့် ခွင့်ခံစားခြင်းများကို နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အပြည့်အဝခံစားရရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်။

(စ) ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးနှင့်ပတ်သက်၍ စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ရန်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

### ဝန်ထမ်းရေးရာနှင့်အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဝန်ထမ်းရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးလှသိန်း ဥက္ကဋ္ဌ
ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ခ) ဦးလှတင့် အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(ဂ) ဦးတင်ထွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်

(ဃ) ဦးနေမျိုး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲဆိုင်ရာ)

(င) ဦးရဲရင့်လွင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (စီမံ၊ ထောက်ပံ့နှင့်ဘဏ္ဍာရေးဌာန)

(စ) ဒေါ်ခင်စန်းရင် တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (စီမံဌာနခွဲ)

၂။ ဝန်ထမ်းရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့သည် ကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊ ဝန်ထမ်းရေးရာနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအား စနစ်တကျ မှန်ကန်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် စိစစ်ကြပ်မတ်သွားရန်ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ**

**ကြေညာချက်အမှတ် ၂/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

**လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများအပေါ်အခြေခံ၍ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ

(ခ) လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ

(ဂ) စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ

(ဃ) လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ

(င) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ

၂။ ထိုသို့ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတစ်ခုလျှင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင် နိုင်ငံရေးပါတီများမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစု ပင်လုံ ကိုယ်စားလှယ် ၄ ဦးစီနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ၊ အတွင်းရေးမှူးအဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်း ၁၅ ဦးစီဖြင့် ဖွဲ့စည်းရန် သဘောတူဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ သက်ဆိုင်ရာ အစုအဖွဲ့များက လုပ်ငန်းကော်မတီများတွင် တာဝန်ပေးအပ်မည့် ကိုယ်စားလှယ် အမည်စာရင်းများကို ထောက်ခံတင်ပြလာပြီဖြစ်ပါ၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

| | |
|---|---|
| (၁) ဦးခင်ဇော်ဦး | (တပ်မတော်) |
| (၂) ဒေါက်တာလျန်မှုန်းဆာခေါင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၃) စိုင်းကျော်ညွန့် | (နိုင်ငံရေးပါတီ) |
| (၄) ဗိုလ်မှူးချုပ်တင်အောင် | (တပ်မတော်) |
| (၅) ဗိုလ်မှူးချုပ်လှသန်းမောင် | (တပ်မတော်) |
| (၆) ဦးငွေးဝင်းအောင် | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၇) ဦးကျော်ကျော်ဟန် | (ညွန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး) |
| (၈) ဒေါက်တာစိုင်းဦး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၉) စောအယ်ကလူစေး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၀) စောစံငြိမ်းသူ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၁) စောကူးကူ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၂) ဦးဇမ်ဇမုန် | (နိုင်ငံရေးပါတီ) |
| (၁၃) စိုင်းဘိုးအောင် | (နိုင်ငံရေးပါတီ) |
| (၁၄) ဒေါက်တာတူးဂျာ | (နိုင်ငံရေးပါတီ) |
| (၁၅) ဦးအောင်ကြည်ညွန့် | (နိုင်ငံရေးပါတီ) |

(ခ) **လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

| | |
|---|---|
| (၁) ဦးဇော်ငွေး | (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန) |
| (၂) ဦးစိုင်းလ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၃) ဦးနိုင်ငံလင်း | (နိုင်ငံရေးပါတီ) |
| (၄) ဗိုလ်ချုပ်နေလင်း | (တပ်မတော်) |
| (၅) ဒေါ်ဇင်မာအောင် | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၆) ဦးနိုင်ဆွေဦး | (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး) |
| (၇) ဒေါက်တာစန်းစန်းအေး | (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန) |
| (၈) မိဆူးပွင့် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၉) စောဆဲဗွယ် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၀) ခွန်သောမက်စ် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၁) နော်စန္ဒာဝိုင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၂) ဒေါ်အေးသီတာမြင့် | (နိုင်ငံရေးပါတီ) |
| (၁၃) ဦးတင်ဆွေ | (နိုင်ငံရေးပါတီ) |
| (၁၄) ဦးဆမ်းဆောင်ကား | (နိုင်ငံရေးပါတီ) |
| (၁၅) ဦးရွှေမင်း | (နိုင်ငံရေးပါတီ) |

**(ဂ) စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

| | |
|---|---|
| (၁) ဦးလှမောင်ရွှေ | (ငြိမ်းချမ်းရေးကော်မရှင်) |
| (၂) ဒေါ်စောမြရာဇာလင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၃) မင်းကျော်ဇေယျာဦး | (နိုင်ငံရေးပါတီ) |
| (၄) ဗိုလ်မှူးချုပ်သိုက်စိုး | (တပ်မတော်) |
| (၅) မိကွန်ချမ်း | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၆) ဦးဗရတ်ဆင်း | (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး) |
| (၇) ဦးအောင်နိုင်ဦး | (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန) |
| (၈) ဆလိုင်းထလာဟေး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၉) ပဒိုစောတာဒိုမူး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၀) စိုင်းလျန်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၁) ခွန်တင်ရွှေဦး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၂) ဦးထွန်းနိုင် | (နိုင်ငံရေးပါတီ) |
| (၁၃) ဦးသိန်းထွန်း | (နိုင်ငံရေးပါတီ) |
| (၁၄) ဦးမားကို့စ် | (နိုင်ငံရေးပါတီ) |
| (၁၅) ဦးသာထွန်းလှ | (နိုင်ငံရေးပါတီ) |

**(ဃ) လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

| | |
|---|---|
| (၁) ဗိုလ်ချုပ်စိုးနိုင်ဦး | (တပ်မတော်) |
| (၂) ဦးမျိုးဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၃) ဦးတာလှဖေ | (နိုင်ငံရေးပါတီ) |
| (၄) ဗိုလ်ချုပ်တင်မောင်ဝင်း | (တပ်မတော်) |
| (၅) ဗိုလ်မှူးချုပ်စိန်ထွန်းလှ | (တပ်မတော်) |
| (၆) ဦးအင်ထုံးခါးနော်ဆမ် | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၇) ဒေါက်တာချောချောစိန် | (ပါမောက္ခ၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ်) |
| (၈) စဝ်ဘောင်ခေး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၉) ပဒိုစောအောင်ဝင်းရွှေ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၀) ပူးထက်နီ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၁) ဦးခိုင်ထွန်းဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၂) ဒေါက်တာအောင်မြတ်ဦး | (နိုင်ငံရေးပါတီ) |
| (၁၃) ဦးစောထွန်းအောင်မြင့် | (နိုင်ငံရေးပါတီ) |
| (၁၄) ဦးမြင့်နိုင် | (နိုင်ငံရေးပါတီ) |
| (၁၅) ဒေါ်နန်းခင်စိန်မြင့် | (နိုင်ငံရေးပါတီ) |

**(င) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ**

| | |
|---|---|
| (၁) ဦးအောင်စိုး | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၂) ခွန်မြင့်ထွန်း | (တိုင်းရင်းသားလက်နက်ကိုင်) |

| | |
|---|---|
| (၃) ဦးမြင့်စိုး | (နိုင်ငံရေးပါတီ) |
| (၄) ဗိုလ်မှူးချုပ် အောင်သိန်းဦး | (တပ်မတော်) |
| (၅) ဦးစိုးဝင်း | (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) |
| (၆) ဦးဇော်မင်းလတ် | (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) |
| (၇) ဒေါက်တာဝါဝါမောင် | (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန) |
| (၈) ဦးဆန်နီ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၉) စောဒဲနယ်လ် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၀) စောလေ့စေး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၁) စိုင်းစိုင်းငင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၁၂) ဒေါ်ဒွဲဘူ | (နိုင်ငံရေးပါတီ) |
| (၁၃) ဦးလှခိုင် | (နိုင်ငံရေးပါတီ) |
| (၁၄) ခွန်ထွန်းရွှေ | (နိုင်ငံရေးပါတီ) |
| (၁၅) ဦးအိုက်ဆော | (နိုင်ငံရေးပါတီ) |

၄။ အထက်ဖော်ပြပါ လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) လုပ်ငန်းကော်မတီများသည် မိမိတို့အား တာဝန်ပေးအပ်ထားသည့် အကြောင်းအရာကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုချက်နှင့် အဆိုပြုချက်များကိုရေးဆွဲပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။

(ခ) လုပ်ငန်းကော်မတီများသည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတင်ပြလာသော အကြံပြုချက်နှင့် အဆိုပြုချက်များအား အကျေအလည် စေ့စပ်ညှိနှိုင်းဆွေးနွေးပြီး ရွေးချယ်နည်းလမ်း ၃ ခုထက်မပိုသော မူဝါဒအဆိုပြုလွှာများကို စိစစ်ရွေးချယ်ပြုစုပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။

(ဂ) လုပ်ငန်းကော်မတီများ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား လိုအပ်လျှင် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

(ဃ) လုပ်ငန်းကော်မတီတစ်ခုအတွင်း (သို့မဟုတ်) ကော်မတီများအကြား မဖြေရှင်းနိုင်သည့် သဘောထားကွဲလွဲမှုများရှိလာပါက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

(င) လုပ်ငန်းကော်မတီများသည် မိမိတို့၏ သက်ဆိုင်ရာ အကြောင်းအရာအလိုက် လုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(စ) လုပ်ငန်းကော်မတီများသည် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့် အကြောင်းအရာအလိုက် အစည်းအဝေးများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၏ရည်ရွယ်ချက် အခြေခံမှုများနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) လုပ်ငန်းကော်မတီများသည် မိမိတို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းမှုများကို လုပ်ငန်းကော်မတီအဆင့်တွင် အကျေအလည်ဆွေးနွေးအဖြေရှာသွားရမည်။ လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို

သိရှိနားလည်သည်ဟု ယူဆရသည့် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများအား လည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးသွားနိုင်သည်။

(ဇ) လုပ်ငန်းကော်မတီများသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရမည်။

(ဈ) လုပ်ငန်းကော်မတီများသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ အတည်ပြုချက်ဖြင့် လိုအပ်သော ဆပ်ကော်မတီများကိုဖွဲ့စည်း၍ ကြီးကြပ်လမ်းညွှန်မှု ပေးရမည်။

(ည) လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးသောဆွေးနွေးချက်များနှင့် အစည်းအဝေး မှတ်တမ်းများကို သတင်းထုတ်ပြန်ရန် ခွင့်ပြုချက်မရရှိဘဲ မည်သူ့ကိုမျှ ပြောကြားခြင်းမပြုရန် ကော်မတီဝင်များမှ ထိန်းသိမ်းရမည်။

(ဋ) လုပ်ငန်းကော်မတီများသည် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင် အတည်ပြု ထားရမည်။

(ဌ) သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းအစီရင်ခံစာကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီသို့ တင်သွင်းရမည်။

၅။ လုပ်ငန်းကော်မတီများ၏ သက်တမ်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ ကျင်းပသည့် သက်တမ်းအတိုင်းဖြစ်ပြီး လုပ်ငန်းကော်မတီဝင်များအား အစားထိုးလိုပါက သက်ဆိုင်ရာ ကိုယ်စားပြုအစုအဖွဲ့က ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ အတည်ပြုချက်ဖြင့် အစားထိုးနိုင်သည်။

၆။ လုပ်ငန်းကော်မတီဝင်များသည် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် တာဝန် အရ သွားလာရသည့် ခရီးစရိတ်၊ ချီးမြှင့်ငွေနှင့် လိုအပ်သည့် ထောက်ပံ့မှုများကို သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများနှင့်အညီ ခံစားခွင့်ရှိသည်။

(ပုံ) အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

၁။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ ဒေါ်နန်းချောစိန်အား စီမံရေးရာဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ လက်ထောက်ညွှန်ကြားရေးမှူးရာထူးနေရာသို့ တာဝန် ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ အပိုဒ် ၅၁ အရ တိုးမြှင့်ခန့်ထားသည့်ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

မြဝင်း
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ ဦးစီးအရာရှိ ဒေါ်ညိုညိုမြင့်အား ဘတ်ဂျက်နှင့်ငွေစာရင်းဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ အပိုဒ် ၅၁ အရ တိုးမြှင့်ခန့်ထားသည့်ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

မြဝင်း
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

အမှတ် ၉၃/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်)

အမှတ် ၃၆ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ ၂၅၀,၀၀၀/-) ဖြင့် ခန့်ထားသော ဦးရဲတင့်အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်း၏ ဆန္ဒပြုချက်အရ ကျွမ်းကျင်သူအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

**ခရိုင် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၇ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ **"ခရိုင် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့"** ကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ခရိုင်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ခရိုင်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဥက္ကဋ္ဌ<br>ခရိုင် ဆန်စပါးကုန်သည်များအသင်း | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>ခရိုင် ဆန်စက်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (စ) | ဆန်စပါးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်တွင် ကျွမ်းကျင်မှုရှိ၍<br>အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဆ) | ခရိုင်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ **ခရိုင် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့** ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(က) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ စီမံချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စပါး၊ ဆန် ဝယ်ယူရေးအစီအစဉ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှု လုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ခ) ဒေသအလိုက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် တောင်သူလယ်သမားများ တွက်ခြေကိုက်သည့် ဈေးနှုန်းကို စိစစ်တွက်ချက်၍ အမှန်ဝယ်ယူသင့်သည့်ဈေးနှုန်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။

(ဂ) စပါး၊ ဆန် ဝယ်ယူမည့် နည်းလမ်းသတ်မှတ်ချက်များ၊ ငွေပေးချေရမည့် နည်းလမ်းများကို ထုတ်ပြန်ကြေညာနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။

(ဃ) စပါး၊ ဆန် ဝယ်ယူမည့် နည်းလမ်းသတ်မှတ်ချက်များ၊ ငွေပေးချေရမည့် နည်းလမ်းများအား ထုတ်ပြန်ကြေညာချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း။

(င) ငွေစာရင်းထိန်းသိမ်းခြင်း၊ လချုပ်စာရင်းများရေးဆွဲခြင်း၊ (၁) နှစ်လျှင် နှစ်ကြိမ် (၆ လလျှင် တစ်ကြိမ်) စာရင်းရှင်းလင်းခြင်း၊ အရှုံး၊ အမြတ် တွက်ချက်ခြင်းများကို စာရင်းအစစ်ဆေးခံနိုင်သည့် အဆင့်ထိရောက်အောင် ကြီးကြပ်ဆောင်ရွက်ခြင်း။

(စ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ စပါး၊ ဆန် ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့၏ လက်အောက်တွင် သိုလှောင်ရုံအုပ်စုအလိုက် စပါး၊ ဆန် လက်ခံသိုလှောင်ရေးအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

(ဆ) ဝယ်ယူမည့် စပါး၊ ဆန်များ၏ အရည်အသွေး၊ အလေးချိန်တို့အား စနစ်တကျ မှတ်တမ်းတင်ထားနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဇ) ခရိုင် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့များသည် သိုလှောင်ထားရှိသည့် စပါး၊ ဆန်များ၏ အခြေအနေကို စစ်ဆေးပြီး နမူနာနှင့်တကွ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုနယ်မြေ စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ထံသို့ လစဉ်တင်ပြခြင်း။

(ဈ) စပါး၊ ဆန် သိုလှောင်ရုံအတွက် အပတ်စဉ် ပုံမှန်စစ်ဆေးမှုကို ဆောင်ရွက်ပြီး စစ်ဆေးချက် မှတ်တမ်းတွင် မှတ်တမ်းတင်ထားရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ထူးခြားမှုတစ်စုံတစ်ရာ ရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ထံ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။

(ည) စပါး၊ ဆန်များ လျော့နည်းမှုမရှိစေရေးနှင့် လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

အမိန့်အရ

ဒေါက်တာအောင်သူ၊
အတွင်းရေးမှူး၊
ပြည်ထောင်စုဝန်ကြီး၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

**မြို့နယ် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၇ အရ

အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ **"မြို့နယ် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့"** ကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြို့နယ် ဆန်စပါးကုန်သည်များအသင်း | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>မြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဆ) | အတွင်းရေးမှူး<br>မြို့နယ် ဆန်စပါးကုန်သည်များအသင်း | အဖွဲ့ဝင် |
| (ဇ) | ဆန်စပါးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်တွင် ကျွမ်းကျင်မှုရှိ၍<br>အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဈ) | မြို့နယ်တာဝန်ခံ<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ **မြို့နယ် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့**၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည် -

(က) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ စီမံချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စပါး၊ ဆန် ဝယ်ယူရေးအစီအစဉ်များကို အကောင် အထည်ဖော် ဆောင်ရွက်ခြင်း။

(ခ) ဒေသအလိုက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် တောင်သူလယ်သမားများ တွက်ခြေကိုက်သည့် ဈေးနှုန်းကို စိစစ်တွက်ချက်၍ အမှန်ဝယ်ယူသင့်သည့် ဈေးနှုန်းကို ခရိုင် စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှု လုပ်ငန်းအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။

(ဂ) စပါး၊ ဆန် ဝယ်ယူမည့် နည်းလမ်းသတ်မှတ်ချက်များ၊ ငွေပေးချေရမည့် နည်းလမ်းများအား ထုတ်ပြန်ကြေညာနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှု လုပ်ငန်း အဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။

(ဃ) စပါး၊ ဆန် ဝယ်ယူမည့် နည်းလမ်းသတ်မှတ်ချက်များ၊ ငွေပေးချေရမည့် နည်းလမ်းများအား ထုတ်ပြန်ကြေညာချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း။

(င) ငွေစာရင်းထိန်းသိမ်းခြင်း၊ လချုပ်စာရင်းများ ရေးဆွဲခြင်း၊ ၆ လလျှင် တစ်ကြိမ် စာရင်းရှင်းလင်းခြင်း၊ အရှုံး၊ အမြတ် တွက်ချက်ခြင်းများကို စာရင်းအစစ်ဆေးခံနိုင်သည့် အဆင့်ထိရောက်အောင် ကြီးကြပ် ဆောင်ရွက်ခြင်း။

(စ) ဝယ်ယူမည့် စပါး၊ ဆန်များ၏ အရည်အသွေး၊ အလေးချိန်တို့အား စနစ်တကျ မှတ်တမ်း တင်ထားနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဆ) သိုလှောင်ထားရှိသည့် စပါး၊ ဆန်များ၏ အခြေအနေကိုစစ်ဆေးပြီး နမူနာနှင့်တကွ သက်ဆိုင်ရာ ခရိုင် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ထံသို့ လစဉ်တင်ပြခြင်း။

(ဇ) စပါး၊ ဆန် သိုလှောင်ရုံအလိုက် အပတ်စဉ်ပုံမှန်စစ်ဆေးမှုကို ဆောင်ရွက်ပြီး စစ်ဆေးချက်မှတ်တမ်းတွင် မှတ်တမ်းထားရှိနိုင်ရေးကြီးကြပ်ရန်နှင့် ထူးခြားမှုတစ်စုံတစ်ရာရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာ ခရိုင် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းတင်ပြခြင်း။

(ဈ) စပါး၊ ဆန်များကို ပထမဝင် ပထမထုတ် စနစ် (F-I-F-O) ဖြင့် ထားရှိ ထုတ်ပေးနိုင်ရေးအတွက် ဖိုင်မှတ်တမ်း၊ Bin Card စသည့် စာရင်းဇယားမှတ်တမ်းများဖြင့် စနစ်တကျ သိုလှောင်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

(ည) စပါး၊ ဆန်များကို ပထမဝင် ပထမထုတ်ပေးသည့် စနစ်အတိုင်း (F-I-F-O) ထုတ်ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဋ) စပါး၊ ဆန်များ လျော့နည်းမှုမရှိစေရေးနှင့် လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရေးအလို့ငှာ ကြီးကြပ် ဆောင်ရွက်ခြင်း။

(ဌ) စပါးဝယ်ယူရေးအတွက် ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကအသင်းအဖွဲ့များသည် ယခင် ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမည်ပျက်ရှိသူများမဖြစ်စေရေးနှင့် ယင်းတို့နှင့် ဆက်စပ်ဆောင်ရွက်နေသူများမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ခြင်း။

(ဍ) စီမံချက်ပါအတိုင်း အချိန်မီဆောင်ရွက်နိုင်ရေး အသေးစိတ်ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဎ) သက်ဆိုင်ရာ ခရိုင် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

အမိန့်အရ

ဒေါက်တာအောင်သူ၊
အတွင်းရေးမှူး၊
ပြည်ထောင်စုဝန်ကြီး၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ တိုင်းရင်းသား အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| **စဉ်** | **အမည်/ရာထူး** | **တာဝန်** |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |

| စဉ် | အမည်/ရာထူး | တာဝန် |
|---|---|---|
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီသည် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။

(ခ) ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများတို့တွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းစသည့်ကိစ္စရပ်များ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာ လုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်။

(ဂ) အခြားပြည်ထောင်စုဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းလာသောကိစ္စရပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ညှိနှိုင်းလာသော တိုင်းရင်းသားရေးရာဆိုင်ရာကိစ္စရပ်များ၊ အခြား အဖွဲ့အစည်းအသီးသီးက တင်ပြလာသောကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရန်။

(ဃ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးစရိတ်ဆိုင်ရာလုပ်ငန်းများ၊ အဆောက်အဦဆောက်လုပ်ခြင်း လုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်။

(င) နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားအကူအညီ အထောက်အပံ့ဆိုင်ရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ရေးကြီးကြပ်ရန်။

(စ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများက တာဝန်ပေးအပ်ထားသည့် လုပ်ငန်းများနှင့် မမျှော်လင့် ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်။

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် ( ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## ပြည်သူ့လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန့်ဇင်နိုင်အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ အပိုဒ် ၈၇ အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် နံနက်ပိုင်းမှ မတ်လ ၃ ရက် ညနေပိုင်းထိ လုပ်သက်ခွင့် (၈) ရက်ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှ ထွက်ခွာခွင့်ပြုလိုက်သည်။

၂။ အထက်ပါခွင့်နှင့် တစ်ဆက်တည်းဖြစ်သော ၂၀၁၇ ခုနှစ်၊ မတ်လ ၄ ရက် (စနေနေ့) နှင့် ၅ ရက် (တနင်္ဂနွေနေ့) ရုံးပိတ်ရက်များကို ပူးတွဲခံစားခွင့်ပြုလိုက်သည်။

၃။ ခွင့်မှပြန်လာသောအခါ ဒေါက်တာသန့်ဇင်နိုင်အား လက်ထောက်ညွှန်ကြားရေးမှူး၏တာဝန်များကို ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမာအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ အပိုဒ် ၁၀၁ (က) အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် နံနက်ပိုင်းမှ ဩဂုတ်လ ၂၁ ရက် ညနေပိုင်းထိ (၆) လ လစာပြည့်ဖြင့် မီးဖွားခွင့်ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှ ထွက်ခွာခွင့်ပြုလိုက်သည်။

၂။ ခွင့်မှပြန်လာသောအခါ ဒေါ်အေးအေးမာအား လက်ထောက်ညွှန်ကြားရေးမှူး၏တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိဆွေအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ အပိုဒ် ၈၇ အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၂ ရက် နံနက်ပိုင်းမှ မတ်လ ၁၀ ရက် ညနေပိုင်းထိ လုပ်သက်ခွင့် (၉) ရက်ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှ ထွက်ခွာခွင့်ပြုလိုက်သည်။

၂။ အထက်ပါခွင့်နှင့် တစ်ဆက်တည်းဖြစ်သော ၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက် (စနေနေ့) နှင့် ၁၂ ရက် (တနင်္ဂနွေနေ့) ရုံးပိတ်ရက်များကို ပူးတွဲခံစားခွင့်ပြုလိုက်သည်။

၃။ ခွင့်မှပြန်လာသောအခါ ဒေါ်ခင်အိအိဆွေအား လက်ထောက်ညွှန်ကြားရေးမှူး၏တာဝန်များကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ ဦးစီးအရာရှိ ဒေါ်နိုင်နိုင်ဝင်းအား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ အပိုဒ် ၈၇ အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက် နံနက်ပိုင်းမှ ဧပြီလ ၃ ရက် ညနေပိုင်းထိ လုပ်သက်ခွင့် (၁၅) ရက် ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှ ထွက်ခွာခွင့်ပြုလိုက်သည်။

၂။ ခွင့်မှပြန်လာသောအခါ ဒေါ်နိုင်နိုင်ဝင်းအား ဦးစီးအရာရှိ၏တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
## အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးတို့အား သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ထောက်ခံတင်ပြချက်နှင့် ယင်းတို့၏ဆန္ဒအရ ယှဉ်တွဲဖော်ပြပါ နံနက်ပိုင်းမှစ၍ နုတ်ထွက်ခွင့်ပြုလိုက်သည် -

| စဉ် | အမည် | ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | နုတ်ထွက်ခွင့်ပြုသည့်ရက်စွဲ |
|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၁) | ဒေါ်သတိုးနွယ်မင်းသီရိနိုင် | ထီးချိုင့်မြို့နယ် | ၁၄-၂-၂၀၁၇ |
| **ပဲခူးတိုင်းဒေသကြီး** | | | |
| (၂) | ဒေါ်ဆွေဆွေထွန်း | ရွှေကျင်မြို့နယ် | ၁၅-၂-၂၀၁၇ |

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

အမှတ် ၁၂/၂၀၁၇။ ။ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၇၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

သုခ ကြည်း ၇၁၅၉၀

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလှအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် ( ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ

**ရွှေမြန်မာ ထောက်ပံ့ပို့ဆောင်ရေး အခြေစိုက်စခန်း ကုမ္ပဏီလီမိတက်**

**(SHWE MYANMAR SUPPLY BASE COMPANY LIMITED)**

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများ

တောင်းခံရန်သတိပေးခြင်း

၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၆-၅-၂၀၁၇) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးကျော်စိုးဝင်း
မန်နေးဂျင်းဒါရိုက်တာ
ရွှေမြန်မာ ထောက်ပံ့ပို့ဆောင်ရေး
အခြေစိုက်စခန်း ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ပရု (ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င)
**Microfinance Delta Company Limited**
(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

**Microfinance Delta Company Limited** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၈ (င) အရ အမှတ် ၃၁၊ အောင်ဆုပန်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၌ (၅-၅-၂၀၁၇) ရက်နေ့ နံနက် (၁၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးမောင်မောင်ဝင်း
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Microfinance Delta Company Limited

**နွေဦးသစ်ရွက်ရောင်းဝယ်ရေး လီမိတက်**
**(SPRING LEAF TRADING LIMITED)**
အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **နွေဦးသစ်ရွက်ရောင်းဝယ်ရေး လီမိတက် (SPRING LEAF TRADING LIMITED)** အား (၁၀-၄-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ မေလ (၂၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မိစောသီတာအောင်
မန်နေးဂျင်းဒါရိုက်တာ
နွေဦးသစ်ရွက်ရောင်းဝယ်ရေး
လီမိတက်

ဒေါ်အေးသီတာ [B. Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ် (၈၀၁)၊ ၈ လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**အောင်စောမင်း ကုမ္ပဏီလီမိတက်**

ကုမ္ပဏီလီမိတက်ဖျက်သိမ်းရန် ကြေညာချက်

၁။ **အောင်စောမင်း ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၈-၄-၂၀၁၇) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်မြမာလာအေး (တရားလွှတ်တော်ရှေ့နေ-စဉ် ၇၃၅၂) အားခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်မြမာလာအေးထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Saw Min Aung
Managing Director
Aung Saw Min Co.,Ltd.

Daw Mya Marlar Aye
Liquidator
No.52, First F1,
Maharbandoola Garden St.,
Kyauktada Township, Yangon.

**ငွေပြည့်ဝန်း ကုမ္ပဏီလီမိတက်**

**(SILVER HARVEST CO., LTD.)**

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

ပုဒ်မ ၂၀၆ (၁) အရ

၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ငွေပြည့်ဝန်း ကုမ္ပဏီလီမိတက် (SILVER HARVEST CO., LTD.)** အား (၂၈-၄-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ပြီး ဒေါ်စန္ဒာအေး (ဘီကွမ်း၊ စီပီအေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၂၈-၄-၂၀၁၇) ရက်နေ့တွင် ခန့်အပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ မေလ (၂၈) ရက်နေ့နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Wai Yan Aung
Managing Director
Silver Harvest Co., Ltd.

ဒေါ်စန္ဒာအေး
(B. Com, C.P.A, No-1065/524)
အမှတ် (၂၃)၊ အခန်း-၃၀၂ ဘီ (ဘလောက်)၊
အင်ကြင်းလမ်း၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့။

## ရေးတဲ (လ်) မြန်မာ ကုမ္ပဏီလီမိတက်

## (Ray Tel Myanmar Co., Ltd.)

အစုရှင်များ၏ ဆန္ဒအရစာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ရေးတဲ (လ်) မြန်မာ ကုမ္ပဏီလီမိတက် (Ray Tel Myanmar Co., Ltd.)** အား (၉-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးသောင်းအေး **(B.A, C.P.A, R.A)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ မေလ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Andrea Russo
Managing Director
Ray Tel Myanmar Co., Ltd.

ဦးသောင်းအေး
(B. A, C.P.A, R.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၂၂)၊ ပထမထပ်၊ ၄၁-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၉၂၉၀၄။

## အောင်ဖားစည်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

ဖျက်သိမ်းကြောင်းကြေညာချက်

၁။ **အောင်ဖားစည်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈-၄-၂၀၁၇) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန်အရာရှိအဖြစ် အမှတ် (၉)၊ ပန်းခြံလမ်း၊ (၆) လွှာ၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြမြဝင်း (B. Com, A.A, C.P.A.) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်ကို တစ်လအတွင်း ဒေါ်မြမြဝင်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

Managing Director
AUNG PHAR SI MANUFACTURING
COMPANY LIMITED

ဒေါ်မြမြဝင်း
(B.Com, A.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## CITIC ENGINEERING (MYANMAR) COMPANY LIMITED

## Notice under Section 206 (1) of the Myanmar Companies Act

### for Members' Voluntary Winding Up of the Company

1. **CITIC ENGINEERING (MYANMAR) COMPANY LIMITED** (the "Company") held the Extraordinary General Meeting on (26-4-2017) at the company's office and made the special resolution for members' voluntary winding up of the Company.

2. At the Extraordinary General Meeting, members resolved the appointment of liquidator, Daw Thiri (Higher Grade Pleader) having her office address at No.29, 3 rd Floor, 35th Street, Kyauktada Township, Yangon.

3. Therefore, the Company declares that any person who have debts and liabilities to the Company should claim or pay them from/to the liquidator within (30) days from the date of this advertisement.

Mr.Chin Ah Cheng
Managing Director
Citic Engineering (Myanmar) Co.,Ltd.

Daw Thiri
(Higher Grade Pleader)
Liquidator

## KAYMU LIMITED

## (In Members' Voluntary Winding up)

### Notice pursuant to Section 206 (1), Myanmar Companies Act

At the Extraordinary General Meeting of the members of the Company held at No.17 A, San Yeik Nyein 6th Street, Kamayut Township, Yangon, Myanmar, on 24-4-2017, it was resolved by special resolution that the Company be voluntarily wound up by the members with effect from 2017 and Daw Wint Thandar Oo (Advocate), be appointed as Liquidator for the purpose of such winding up. All persons claiming to be creditors of the above Company are requested to submit details of their claims together with documentary evidence in their possession, to the Liquidator at the address given below, before 23-5-2017.

Mr. Sumit Jasoria
Managing Director
Kaymu Limited

Daw Wint Thandar Oo
[LL.B,M.A (Business Law) (Advocate)]
Liquidator
No. 2, Aung Min Gaung Street,
Than Lwin Road, No.10 Quarter,
Kamayut Township, Yangon.

**NOTICE OF FINAL MEETING**
**In the matter of the Myanmar Companies Act and**
**DECHA YANGON COMPANY LIMITED**
**(In Voluntary Liquidation)**
**[Notice under Section 208 (E)]**

Notice is hereby given that the Final General Meeting of the contributories under Section 208 E will be held at 191 Mittapharp Road, Tambol Samrarn, Amphvr Muang Khon Khen, Thailand 40000 on the 29th May, 2017 at 10:00 a.m for the purpose of laying before it an account of the winding up.

Building No.C 1, Room No.005,
Ground Floor, Hninnsi Street,
Yuzana Highway complex,
Kamayut Township,
Yangon, Myanmar.

U Papo Ganesan
[B.A.(English),R.L],
Advocate (Registration No.4647)
Khin Su Htay & Associates
Liquidator

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ - ၂၀၆ (၁) အရ
**ဂရင်းဟေး အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်**
**(Green Hill Engineering Company Limited)**
ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ဂရင်းဟေး အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်** အား (၂၆-၄-၂၀၁၇) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်မီမီကျော် [B.Com (Q), C.P.A] အမှတ်-(၄၉/၅၁)၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၆-၅-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခင်မို့မို့လွင်
မန်နေးဂျင်းဒါရိုက်တာ
ဂရင်းဟေး အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

မီမီကျော်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၂၈-၄-၂၀၁၇။